# ဧရာဝတီတိုင်းဒေသကြီး

## အသေးစားနှင့် အလတ်စားလုပ်ငန်းများ

## ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ

# မာတိကာ


စကားဦးနိဒါန်း ---- ၇
ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ---- ၈
မဟာဗြူဟာမြောက်စဉ်းစားရမည့် အချက်များ ---- ၁၁
လူဦးရေအချိုးအစားတည်ရှိမှု (၃.၁) ---- ၁၁
ပြည်တွင်းနှင့် နိုင်ငံခြားသို့ပြောင်းရွှေ့နေထိုင်ခြင်း (၃.၂) ---- ၁၂
အလုပ်အကိုင်နှင့်ပိုင်ဆိုင်မှုများ (၃.၃) ---- ၁၄
ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦး (၃.၄) ---- ၁၆
SME မဟာဗျူဟာ ---- ၁၈
လုပ်ငန်းနယ်ပယ်များ ---- ၁၉
လုပ်ငန်းနယ်ပယ် (၁) ---- ၁၉
လုပ်ငန်းနယ်ပယ် (၂) ---- ၂၃
လုပ်ငန်းနယ်ပယ် (၃) ---- ၂၆
လုပ်ငန်းနယ်ပယ် (၄) ---- ၂၈
လုပ်ငန်းနယ်ပယ် (၅) ---- ၃၂
လုပ်ငန်းနယ်ပယ် (၆) ---- ၃၄
လုပ်ငန်းနယ်ပယ် (၇) ---- ၃၇
လုပ်ငန်းနယ်ပယ် (၈) ---- ၃၉
လုပ်ငန်းနယ်ပယ် (၉) ---- ၄၁
လုပ်ငန်းနယ်ပယ် (၁၀) ---- ၄၄
လုပ်ငန်းနယ်ပယ် (၁၁) ---- ၄၅
လုပ်ငန်းနယ်ပယ် (၁၂) ---- ၄၇
လုပ်ငန်းနယ်ပယ် (၁၃) ---- ၄၉
လုပ်ငန်းနယ်ပယ် (၁၄) ---- ၅၁
လုပ်ငန်းနယ်ပယ် (၁၅) ---- ၅၃
နိဂုံးချုပ် မှတ်ချက်များ ---- ၅၅

# ဖရိုင်ဒရစ်နောမင်း လွတ်လပ်မှုဖောင်ဒေးရှင်း (မြန်မာနိုင်ငံ)

ဖရိုင်ဒရစ်နောမင်း လွတ်လပ်မှုဖောင်ဒေးရှင်း (FNF) သည် လစ်ဘရယ် မူဝါဒများ အကောင်အထည်ဖော်နေသည့် ဂျာမနီနိုင်ငံမှ အကျိုးအမြတ်မယူသော ဖောင်ဒေးရှင်းဖြစ်ပါသည်။ FNFသည် လစ်ဘရယ်ဒီမိုကရေစီ တရားဥဒေ စိုးမိုးရေး၊ ဗဟုဝါဒ၊ ဈေးကွက်စီးပွားရေးစနစ်နှင့် လူ့အခွင့်အရေးလေးစားမှုတို့ကို မြှင့်တင်အားပေးရန် သံမိဋ္ဌာန်ချထားပါသည်။ ယင်းကို ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၈ ခုနှစ်တွင် ဖယ်ဒရယ်သမ္မတ ဂျာမနီနိုင်ငံ၏ ပထမဆုံးသမ္မတ Theodor Heuss မှ အခြားသူများနှင့်အတူ တည်ထောင်ခဲ့ပါသည်။ ဖောင်ဒေးရှင်းသည် ကမ္ဘာအနှံ့ နိုင်ငံ ပေါင်း (၇၀) ကျော်တွင် လုပ်ငန်းများ ဆောင်ရွက်နေပါသည်။ FNF ၏ရုံးချုပ်သည် ဂျာမနီနိုင်ငံ ပေါ့စ်ဒမ် (Potsdam) မြို့တွင် တည်ရှိပါသည်။

၂၀၁၀ ခုနှစ် နှောင်းပိုင်းမှစ၍ မြန်မာနိုင်ငံသည် ပိုမိုဒီမိုကရေစီကျသော စနစ်သို့ ရွေ့လျားနေပါသည်။ ယင်းသည် လူအများသိက္ခာရှိစွာနှင့် ငြိမ်းချမ်းစွာနေနိုင်သော ပွင့်လင်းသည့် လူ့အဖွဲ့အစည်းတစ်ခု ဖန်တီးနိုင်ရန် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များစွာကို ထောက်ပံ့ပေးရန် FNFအတွက် အခွင့်အလမ်းကို ပေးပါသည်။ ဖောင်ဒေးရှင်းသည် ငြိမ်းချမ်း၍ တိုးတက်သော မြန်မာနိုင်ငံတည်ဆောက်နိုင်ရန် သံမိဋ္ဌာန်ချထားပါသည်။ ထိုရည်မှန်းချက် အကောင်အထည်ပေါ်ရန် FNF သည် သူ၏လက်တွဲဖက်များမှ နိုင်ငံသားပညာပေးမှုများကို မြှင့်တင်ရန်၊ ဒီမိုကရေစီ ကျသော အုပ်ချုပ်မှုစနစ်ကို ပျိုးထောင်ပေးရန်၊ အခြေခံလွတ်လပ်မှုများကို ကာကွယ်ပေးရန်နှင့် မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေး ပတ်ဝန်းကျင် အားကောင်းစေရန် ကြိုးပမ်းဆောင်ရွက်မှုများကို ထောက်ပံ့ပေးနေပါသည်။

FNF (မြန်မာ) သည် အစိုးရ၊ လွှတ်တော်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ အပြောင်းအလဲဖော်ဆောင်သူများ၊ ဆင့်ပွား အသိပညာဖြန့်နိုင်သူများနှင့်တွဲ၍ လုပ်ငန်းများ ဆောင်ရွက်နေပါသည်။ FNFသည် မူဝါဒဆိုင်ရာ အကြံဉာဏ်များ၊ ဥပဒေရေးဆွဲခြင်းဆိုင်ရာ ဆွေးနွေးအကြံပြုချက်များပေးခြင်း၊ အစီရင်ခံစာနှင့် သုတေသနတွေ့ရှိချက်များ ထုတ်ဝေခြင်းတို့ကို ဒေသခံ လက်တွဲဖက် အဖွဲ့အစည်းများနှင့် လက်တွဲ၍ ဆောင်ရွက်ပါသည်။ ဖောင်ဒေးရှင်းသည် ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေး၊ ဗဟိုချုပ်ကိုင်မှုကို ခွဲထုတ်ခြင်း၊ စွန့်ဦးတီထွင်မှုတို့နှင့် ပတ်သက်သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာရှင် ဟောပြောမှုများကို ပေးအပ်နေပါသည်။ FNF (မြန်မာ) သည် တိုင်းပြည်၏လက်ရှိသိသာထင်ရှားသော ဒီမိုကရေစီ ပြောင်းလဲမှုဖြစ်စဉ်တွင် အပေါင်းလက္ခဏာဆောင်သော ပူးပေါင်းထည့်ဝင် ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အထူးသဖြင့် သံမိဋ္ဌာန် ချထားပါသည်။

## ဆက်သွယ်ရန်လိပ်စာ


**FNF** (မြန်မာ) ရုံး

အမှတ် – ၃၅၊ မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၉ – ၂၆၂၉၈၁၃၅၀

Email : fnfmyanmar@fnst.org

Website : http://myanmar.fnst.org

Website : http://myanmar-en.fnst.org

# ရောဝတီတိုင်းဒေသကြီး SME မဟာဗျူဟာ

## ရောဝတီတိုင်းဒေသကြီး SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအစီအစဉ်

## စကားဦး၊ နိဒါန်းနှင့် မိတ်ဆက်ခြင်း။ ၁

ယခုစာတမ်းသည် မြန်မာနိုင်ငံ၊ ရောဝတီတိုင်းဒေသကြီး၏ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာနှင့် အကောင်အထည်ဖော်ဆောင်မှုအစီအစဉ်ကို ဖော်ပြပေးထားပါသည်။ ယခုစာတမ်းသည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၌ ပုသိမ်မြို့ ရောဗွေ့ဝါခန်းမတွင် (၂)ရက်ကြာ ပြုလုပ်ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်ဖြစ်ပါသည်။ ရောဝတီတိုင်းဒေသကြီး အစိုးရသည် အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲအား ကမကထပြုပေးရန်အတွက် The Friedrich Naumann Foundation (FNF) ကိုဖိတ်ကြားခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ အချက် (၂၂)ချက်ပါဝင်သော ဆောင်ရွက်ရမည့် လမ်းပြမြေပုံတစ်ရပ် (SME Road map Actions) ကို ပဏာမအဆင့် ရေးဆွဲခဲ့ပြီး၊ ၎င်းအား ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အရပ်ဘက် အဖွဲ့အစည်းများကဖတ်ရှုသုံးသပ်ပြီးနောက် ဦးစားပေးဆောင်ရွက်စရာအချက် (၁၅)ချက် ပါဝင်သည့် စကာတင် အဆင့်များကိုရွေးချယ်ခဲ့ပါသည်။ အဆိုပါ ဆောင်ရွက်ရမည့် အချက်(၁၅)ချက်များကို ယခုစာတမ်းတွင် အသေးစိတ်ဖော်ပြပေးထားပါသည်။

ယခုစာတမ်းတွင် ဖော်ပြပါရှိသည့် ပင်မအချက်အလက်များမှာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၌ ပုသိမ်မြို့ ရောဗွေ့ဝါခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော (၂)ရက်တာ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသုံးစွဲထားပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်းအယောက် (၂၆၀)ခန့် တက်ရောက်၍ ပါဝင်ဆွေးနွေးခဲ့ကြသည်။ အမျိုးသမီးများပါဝင်ခဲ့ကြသော်လည်း အနည်းအကျဉ်းသာတွေ့ရပါသည်။ အလုပ်ရုံဆွေးနွေးပွဲအား ဦးဆောင်ပါဝင်ကူညီပေးသူလည်းဖြစ်ပြီး၊ ယခုစာတမ်း၏ စာရေးသူလည်းဖြစ်သော Dr.Adam McCarty မှ ရောဝတီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရမည့်နယ်ပယ် (၁၅)ရပ်ကို အသေးစိတ်ဖော်ထုတ်သတ်မှတ်ပေးခဲ့ပါသည်။

သဘောထားမှတ်ချက်များနှင့် အကြံဉာဏ်များ ဆက်လက်ကောက်ခံရရှိနိုင်ရန်အတွက် ယခု စာတမ်းအား အသင်းအဖွဲ့များ၊ ပုဂ္ဂိုလ်များအကြား ဖြန့်ဖြူးရန်အကြံပြုဖော်ပြလိုပါသည်။ သဘောထား မှတ်ချက်များနှင့်

ငွေကြေးအထောက်အပံ့များရရှိလာရန်အတွက်လည်း ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အကူအညီပေးရေး အဖွဲ့များ သို့လည်း မျှဝေပေးရန်အကြံပြုလိုပါသည်။ ယခုစာတမ်းသည် ဧရာဝတီတိုင်း ဒေသကြီးအစိုးရ၏ ကိုယ်ပိုင်ဖြစ်ပြီး ပြည်ပအကူအညီများရရှိရန်အတွက် ပြောဆိုဆွေးနွေးစရာစာတမ်းအဖြစ် အသုံးပြုခြင်းဖြင့် ထိရောက်အကျိုး ရှိသော ပေါင်းစပ်ညှိနှိုင်းစရာများလည်း ဖော်ဆောင်လာနိုင်မည်ဖြစ်ပါသည်။

## ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ။ ၂

ဧရာဝတီတိုင်းဒေသကြီးသည် အပေါ်စီးမှရှုမြင်ပါက ချောင်းများ၊ မြစ်များနှင့် ကွန်ယက်သဖွယ် ယှက်နွယ် နေပြီး၊ အနောက်ဘက်သို့ အန္တရာယ်ရှိလှသော မြေတောင်တန်းများ ဝန်းရံထားကာ (၃၁၁၅၈) စတုရန်း ကီလို မီတာကျော် အရှည်ရှိပါသည်။ ဤမြေတောင်တန်းသည် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် နှောင့်နှေးကြန့်ကြာမှု တစ်ခုဖြစ်သော်လည်း၊ ၎င်းအလှအပများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှု ရှိသည့် နေရာတစ်ခုဖြစ်ပြီး၊ စိတ်အပန်းဖြေစရာ နေရာလေးတစ်ခုဖြစ်သည်။ တောတောင်ရေမြေများတွင် နေထိုင် သည့်ဒေသခံ (၆.၁)မီလီယံရှိပြီး၊ မြို့နယ်ပေါင်း (၂၆)မြို့ကျော် ရှိပါသည်။

၎င်းတို့ထဲမှ မြန်မာပြည်၏ အကျော်ကြား ဆုံးနေရာ (၃)ခုရှိပြီး လူဦးရေ (၁၂%)ပါဝင်ပါသည်။ နေထိုင်သူ များသည် မုန်တိုင်းကျခြင်း၊ ရေကြီးရေလျှံခြင်းနှင့် ပိုးမွှားအန္တရာယ်ကျရောက်ခြင်း စသည်တို့ကြောင့် ကောက်ရိတ် သိမ်းချိန် ပျမ်းမျှဆုံးရှုံးမှု (၁၁.၄%)ရှိသည့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှု အဆိုးရွားဆုံးကပ်ဘေးနှင့် ရင်ဆိုင် ကြုံတွေ့နေရပါသည်။ တစ်ဖက်စာမျက်နှာတွင်ဖော်ပြထားသည့် ဇယားသည် တိုင်းဒေသကြီးရှိ အခြား အရေး ကြီးသော အားနည်းချက်များပါဝင်ပြီး၊ အားသာ ချက်နှင့်အခွင့်အရေးများ၏အရေးကြီးသည့်အချက်များကိုပေါ်လွင် အောင် ဖော်ပြထားပါသည်။

## ဇယား ၁။ SWOT လေ့လာဆန်းစစ်ချက်

| Strengths (to build on) အားသာချက် | Weaknesses (to be addressed) အားနည်းချက် |
|---|---|
| • လုပ်သားအင်အား များပြားခြင်း၊<br>• ကမ်းရိုးတန်းတလျှောက် သင်္ဘောတင် ကုန်ပစ္စည်းများစွာဝင်နိုင်ခြင်း၊<br>• ဒေသဆိုင်ရာ အသိုက်အဝန်းခိုင်မာခြင်း၊<br>• လယ်မြေ၊ တောတောင်နှင့် မြေလွတ် မြေရိုင်းပေါ်များခြင်း၊<br>• တည်ငြိမ်ပြီး ရှုပ်ထွေးမှုမရှိခြင်း၊<br>• သဘာဝအတိုင်း လှပနေသော ကမ်းရိုးတန်းများ ကမ်းခြေများပေါ်များခြင်း၊<br>• ဆန်စပါးထုတ်လုပ်ခြင်းနှင့် ကြိမ်၊ ဝါး၊ သစ်၊ ငါးနှင့်ပုဇွန်ထုတ်လုပ်ရေး စသောအခြားသော ထုတ်ကုန်များပေါ်များခြင်း၊ | • လမ်းပန်းဆက်သွယ်ရေး အားနည်းခြင်း၊<br>• လျှပ်စစ်ဓါတ်အားဖြန့်ဖြူးမှု နည်းပါးခြင်း၊<br>• ကျွမ်းကျင်လုပ်သား နည်းပါးခြင်း၊<br>• တိုင်းအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊<br>• SMEဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်ချက်များ အကောင်အထည်ဖော်မှု အားနည်းခြင်း၊<br>• ပင်လယ်ဆိပ်ကမ်းများ နက်ရှိုင်းမှုမရှိခြင်း၊<br>• မီးရထားလမ်းစနစ် မရှိခြင်း၊<br>• အလုပ်လက်မဲ့နှုန်းထားများခြင်း၊<br>• စီးပွားရေးဆိုင်ရာ အထောက်အပံ့ အားနည်းခြင်း၊<br>• သစ်တောပြုန်းတီးခြင်း၊<br>• ဥပဒေဆိုင်ရာ အသိပညာအားနည်းခြင်း၊<br>• သတင်းအချက်အလက်နှင့် နည်းပညာ အားနည်းခြင်း၊<br>• စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊<br>• ထုတ်လုပ်မှုအတွက် အရည်အသွေးမြင့် စက်ရုံများမရှိခြင်း၊<br>• စီးပွားရေးအတတ်ပညာကျောင်းများမရှိခြင်း၊ အကျင့်ပျက်ခြစားမှုမြင့်မားခြင်း၊ |

| Opportunities (to seize) | Threats (to manage and mitigate) |
|---|---|
| • FDI များဝင်ရောက်၍စက်ရုံများတည်ဆောက်နိုင်ခြင်း၊<br>• ကမ်းခြေသို့ လာသည့်ကမ္ဘာလှည့်ခရီးသည်များထံမှ အကျိုးအမြတ်ရနိုင်ခြင်း၊<br>• ခရီးသွားကဏ္ဍ အခြေခံထားသော အသိုက်အဝန်းတစ်ခု အကောင်အထည်ဖော်နိုင်ခြင်း၊<br>• ပုသိမ်ဆိပ်ကမ်းမှ ပြည်ပပို့ကုန်များ တိုက်ရိုက်ပို့နိုင်ခြင်း၊<br>• ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်၍ FDI ကို ဆွဲဆောင်နိုင်ခြင်း၊<br>• ခရီးသွားဆိုင်ရာစီးပွားရေး အကောင်အထည်ဖော်ရန် အခွင့်အလမ်းများရှိခြင်း၊ | • သဘာဝဘေးအန္တရာယ်များရှိခြင်း၊ (မုန်တိုင်း၊ ရေကြီးရေလျှံခြင်း၊ မြေငလျင်လှုပ်ခြင်း)<br>• သယ်ယူပို့ဆောင်စရိတ် မြင့်မားခြင်း၊<br>• မြေပြဿနာများရှိခြင်း၊<br>• SME ထုတ်ကုန်များ ယှဉ်ပြိုင်နိုင်စွမ်းအားနည်းခြင်း၊<br>• ဒေသတွင်း SMEများ FDI တွင် ယှဉ်ပြိုင်ရန် ခက်ခဲခြင်း၊<br>• ဈေးနှုန်းအတက်အကျရှိခြင်း၊<br>• ကျွမ်းကျင်လုပ်သားများ ရန်ကုန်နှင့်နိုင်ငံခြားသို့ ပြောင်းရွှေ့နေထိုင်ခြင်း၊<br>• မြစ်၊ ချောင်းများ တိမ်နေခြင်း၊<br>• သဘာဝပတ်ဝန်းကျင်၊ သစ်တောစသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားမှုမရှိခြင်း၊ |

ဤဒေသ၏ အားနည်းချက်များအနေဖြင့် အခြေခံအဆောက်အဦးဆိုင်ရာ လက်တွေ့မလုပ်နိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ဖြစ်စေမှုကို အဓိကအချက်အနေဖြင့် ဖော်ပြပါသည်။ အခြေခံအဆောက်အဦးဆိုင်ရာ လက်ရှိအခြေအနေသည် စိုက်ပျိုးရေးအခြေခံစီးပွားရေးတစ်ခုအတွက် အရေးကြီးသည့် အထောက်အပံ့ကောင်းများ အဖြစ်ရပ်တည်မှုမရှိဖြစ်နေသည်။ ပင်လယ်ဆိပ်ကမ်း နက်ရှိုင်းမှုမရှိခြင်း၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးမှု မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး အားနည်းခြင်းနှင့် လုံလောက်သော မီးရထားလမ်းစနစ်မရှိခြင်းတို့သည်လည်း ဒေသ၏အားနည်းချက်ဖြစ်သည်။ လက်ရှိတွင် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးမှုနှင့် လုံခြုံမှုဆိုင်ရာများအတွက် အခြေခံအဆောက်အအုံ အဆင့်အတန်း နိမ့်ကျနေသော်လည်း အခြား တဖက်တွင် အချို့သောဒေသများ၌ အစိုးရမှဦးဆောင်သော အခြေခံ အဆောက်အဦးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးဆိုင်ရာတည်ငြိမ်မှုနှင့် ရာသီဥတုဘေးဒဏ်ခံဒေသများတွင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကြောင့် စိုးရိမ်မှုကိုဖြစ်ပွားစေသည်။ ဧရာဝတီတိုင်းဒေသသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု နည်းပါးခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မြေငလျင်လှုပ်ခြင်းကဲ့သို့သော သဘာဝ ဘေးအန္တရာယ်များကို

ခံနေရ၍ သစ်တောပြုန်းတီးမှုများဖြစ်ပေါ်ခြင်း မုန်တိုင်းနှင့် ရေကြီး၊ ရေလျှံ ကာကွယ်ခြင်းတို့သည် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ဆက်စပ်နေကြောင်း သိရှိရန်လိုသည်။

မည်သို့ပင်ဖြစ်စေ ဤဒေသ၏ အားသာချက်များ ပိုမိုလာမည်ဖြစ်ကြောင်း ကြိုတင်ခန့်မှန်းနိုင်သည်။ မြေလွတ်မြေရိုင်းများကို နောက်ထပ်စွမ်းဆောင်မည့် အဓိကနေရာများအဖြစ် ဖော်ဆောင်ခြင်းဖြင့် ရာသီဥတု ဖောက်ပြန်မှုများကို လျော့ချနိုင်သည်။ များပြားလွန်းသည့် အလုပ်လက်မဲ့များကို စုစည်း၍ မြေပမာဏနှင့် လုပ်သားပမာဏတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်သည်။ သို့သော် စိုက်ပျိုးထုတ်လုပ်မှု ထိန်းချုပ်ခံရခြင်းနှင့် ထောက်ပံ့ရေးဆိုင်ရာ အခြေခံအဆောက်အဦးများ မရှိမှုတို့ကို ချိန်ညှိ၍ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများအတွက် အဓိကဦးစားပေး နယ်ပယ်အဖြစ် သတ်မှတ်ရပါမည်။ ဤရင်းနှီးမြှုပ်နှံမှုများသည် FDI ကို ထူးထူးခြားခြား ဆွဲဆောင်နိုင်ပါက ပင်လယ်ရေနက်ဆိပ်ကမ်းအတွက် ကြီးမားသောကောင်းကျိုးများကို ဖြစ်ပေါ်စေပြီး၊ နိုင်ငံတကာဈေးကွက်တွင် ဒေသတွင်း SME များ နေရာယူနိုင်ရန် အားပေးမြှင့်တက်မှုဖြစ်စေပါလိမ့်မည်။

## မဟာဗျူဟာမြောက် စဉ်းစားရမည့် အချက်များ။ ၃

### လူဦးရေအရိုးအစား တည်ရှိမှု (၃.၁)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ခံမှုစာရင်းအရ ဧရာဝတီတိုင်းဒေသကြီးရှိ လူဦးရေသည် (၁)စတုရန်းကီလိုမီတာ တွင် (၁၇.၇)ဦး၊ ဆိုလိုသည်မှာ စုစုပေါင်း (၆၁၈၄၈၂၉)ဦး ရှိပါသည်။ အောက်ပါဇယားသည် ကျေးလက်၊ မြို့ပြတွင် ပျံ့နှံ့နေထိုင်သူ ယောကျ်ား၊ မိန်းမဦးရေကို ခွဲခြားပြသထားခြင်းဖြစ်သည်။

**ဇယား၊ ၂။ ဧရာဝတီတိုင်းဒေသကြီး၏ ကျေးလက်/မြို့ပြများရှိ ကျား၊ မ လူဦးရေစာရင်း**

| ကျား/မ | ကျားနှင့်မ | မ | ကျား |
|---|---|---|---|
| စုစုပေါင်း | ၆,၁၈၄,၈၂၉ | ၃,၁၇၅,၀၂၁ | ၃,၀၀၉,၈၀၈ |
| မြို့ပြ | ၈၇၂,၆၀၀ | ၄၅၉,၉၀၇ | ၄၂၁,၆၉၃ |
| ကျေးလက် | ၅,၃၁၂,၂၂၉ | ၂,၇၁၅,၁၁၄ | ၂,၅၉၇,၁၁၅ |

Source: လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရင်းမြစ်ဦးစီးဌာန (၂၀၁၄)၊
Series A: Demographic Characteristics, 2014 မြန်မာနိုင်ငံလူဦးရေနှင့် သန်းခေါင်စာရင်း မြန်မာနိုင်ငံတော် အစိုးရ
available at {http://www.dop.gov.mm/moip/index.php?route=census/state&path=2},accessed {14/03/18}

ကျေးလက်ဒေသတွင် အများဆုံးနေထိုင်ပြီး၊ အကြီးမားဆုံးစုစည်းနေထိုင်မှုများမှာ ပုသိမ်မြို့တွင် (၁၁၆၄၄၈၁)ဦး၊ ဖျာပုံမြို့တွင် (၇၀၀၇၉၈)ဦးနှင့် ဟင်္သာတမြို့တွင် (၈၄၀၄၀၈)ဦးတို့ အသီးသီးဖြစ်ကြပါသည်။ အိမ်တွင်းလုပ်ငန်းတွင် ပျမ်းမျှ (၃)ဦးပါဝင်၊ အနီးစပ်ဆုံး (၄)ဦးထိ ပါဝင်လုပ်ကိုင်ကြပါသည်။

ဧရာဝတီတိုင်းဒေသကြီး၌ နေထိုင်သူများသည် အဓိကအားဖြင့် ဗမာလူမျိုးများဖြစ်ကြပြီး၊ ကယား၊ ကရင်လူမျိုးများလည်းပါဝင်ကာ အနောက်ဘက်ခြမ်း၌ ရခိုင်လူမျိုးအနည်းငယ် ရှိကြပါသည်။ အဓိက ကိုးကွယ်သည့်ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်ပြီး၊ အချို့မှာ ခရစ်ယာန်နှင့် မွတ်ဆလင်များလည်း ရှိကြပါသည်။ ကျား/မ အချိုးမှာ (၉၅/၁၀၀)နှင့် နိုင်ငံ၏ပျမ်းမျှနှုန်း (၉၃/၁၀၀)အထက်ရှိပြီး၊ ချင်းပြည်နယ်တွင် ကျင်းပ ပြုလုပ်ခဲ့သည့် (၉၂.၁/၁၀၀)အချိုးထက် သာလွန်ကောင်းမွန်သည်ကို သတိပြုမိပါသည်။ ဧရာဝတီတိုင်း ဒေသကြီးရှိ ယောကျာ်း၊ မိန်းမ ခြားနားချက်သည် ယောကျာ်းအလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရန် ပြောင်းရွှေ့နေထိုင်မှုများကြောင့် ဖြစ်သည်။ ဤအချက်ကို အောက်ဖော်ပြပါအပိုင်းတွင် အသေးစိတ် လေ့လာပါမည်။

## ပြည်တွင်းနှင့် နိုင်ငံခြားသို့ ပြောင်းရွှေ့နေထိုင်ခြင်း (၃.၂)

အိမ်တွင်းလုပ်ငန်း (၅)ခု၌ (၁)ခုသည် ပြည်တွင်း(သို့)နိုင်ငံခြားသို့ ပြောင်းရွှေ့လုပ်ကိုင်သည့် အဖွဲ့ဝင် အနည်းဆုံး(၁)ဦးစီရှိကြသည်။ ထိုပြောင်းရွှေ့လုပ်ကိုင်မှုရာခိုင်နှုန်းမြင့်မားမှုကြောင့် အရေးတကြီး စောင့်ကြည့်စစ်ဆေးရန်လိုအပ်ပြီး၊ ဤဒေသ၌ ကျွမ်းကျင်ပုဂ္ဂိုလ် မည်မျှဆုံးရှုံးသွားသလဲနှင့် စက်ရုံများ(သို့) ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ၌ ရင်းနှီးမြှုပ်နှံရန် မည်မျှရန်းကန်၊ ယှဉ်ပြိုင်ခဲ့ရသလဲဆိုသည် ကို တွက်ချက်ရပါမည်။

ရန်ကုန်ကဲ့သို့ မြို့ကြီးများသို့အဓိကပြောင်းရွှေ့လုပ်ကိုင်သူများ အလွန်များသည်။ အထူးအားဖြင့် ရန်ကုန်မြို့သည် အမျိုးသမီးများပြောင်းရွှေ့နေထိုင်ရန် ဒေသဖြစ်လာသည်။ ပြောင်းရွှေ့နေထိုင်ရသည့်အကြောင်းအရင်းမှာ ကျွမ်းကျင်လုပ်သားရှာဖွေမှုကဏ္ဍတွင် ကြီးကြီးမားမားစုစည်းထားခြင်းကြောင့်ဖြစ်သည်။ လူဦးရေ(၂) ရာခိုင်နှုန်းသာလျှင် မိသားစုအရေး (သို့) ပညာရေးတို့ကြောင့် ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်သည်။ တစ်ဖက်ပါ ဇယားသည် အသက်အရွယ်နှင့် ကျား/မအချိုးအစားအရ ဧရာဝတီတိုင်းမှ ပြောင်းရွှေ့နေထိုင်မှုကို စုစည်း၍ပေါ်လွင်အောင် ဖော်ပြထားခြင်းဖြစ်သည်။

## ပုံ၊ ၁။ ကျား/မနှင့် အသက်အရွယ်အရ ဧရာဝတီတိုင်းမှ ပြောင်းရွှေ့နေထိုင်မှုများ




Source:WBG, (2016), A Country on the Move: Domestic Migration in Two Regions of Myanmar, World Bank Group

(၉%)သာ အဆင့်မြင့်ကျွမ်းကျင်မှုများအတွက် နိုင်ငံခြားသို့ ပြောင်းရွှေ့နေထိုင်ကြသည်ဟု မှတ်တမ်းပြု ထားသည်။ နိုင်ငံခြားသို့ ပြောင်းရွှေ့နေထိုင်ခြင်းတွင် ရည်ရွယ်ချက်၊ ပန်းတိုင်ရောက်ဖို့ (၁၅) လကြာ နေထိုင်ခြင်း လည်းရှိသည်။ အောက်ပါဇယားသည် နိုင်ငံခြားသို့ ပြောင်းရွှေ့နေထိုင်သည့် ရောက်ရှိ နိုင်ငံများကို ဖော်ပြပေး ထားသည်။

## ဇယား၊ ၃း ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံခြားတိုင်းပြည်များသို့ ပြောင်းရွှေ့နေထိုင်မှုများ

| | | Country of residence | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | ထိုင်း | မလေးရှား | စင်ကာပူ | တရုတ် | ဂျပန် | ကိုရီးယား | အိန္ဒိယ | အမေရိကန် | အခြား |
| ဧရာဝတီတိုင်း | | | | | | | | | | |
| ကျား/မ နှစ်ခုလုံး | ၅၉,၄၈၈ | ၂၉,၃၈၂ | ၁၆,၇၀၃ | ၈,၀၂၁ | ၁,၂၈၇ | ၂၃၅ | ၆၇၁ | ၅၅၇ | ၅၂၇ | ၂,၁၀ |
| ကျား | ၄၂,၅၇၂ | ၂၁,၉၆၂ | ၁၄,၁၃၆ | ၂,၄၈၅ | ၉၁၉ | ၁၃၈ | ၆၅၄ | ၅၁၈ | ၃၂၉ | ၁,၄၃ |
| မ | ၁၆,၉၁၆ | ၇,၄၂၀ | ၂,၅၆၈ | ၅,၅၃၆ | ၃၆၈ | ၉၇ | ၁၇ | ၃၉ | ၁၉၈ | ၆၇၃ |

Source: Department of Population, Ministry of Labour, Immigration, and Population, (2014), Series C: Migration,2014 Myanmar Population and Housing Census, Govermment of Myanmar available at [http://www.dop.gov.mm/moip/index.php?route=census/state&path=2], accessed [14/03/18]

ယခုလက်ရှိတွင် ဤဒေသမှ နိုင်ငံခြားသို့ပြောင်းရွှေ့နေထိုင်သည့် အချိုးအစား အနည်းငယ်သာရှိသောကြောင့် ကျွမ်းကျင်ပုဂ္ဂိုလ်ဆုံးရှုံးမှု၏ အဓိကအကြောင်းအရင်းများမဟုတ်ပါ။ ပြည်တွင်းပြောင်းရွှေ့နေထိုင်မှု တိုက်ဖျက်ခြင်းနှင့် ဒေသတွင်းအဆင့်မြင့်ကျွမ်းကျင်လုပ်သားများအား မက်လုံးပေးခြင်းသည်သာ ပို၍အဓိက ကျပါသည်။

## အလုပ်အကိုင်နှင့် ပိုင်ဆိုင်မှုများ (၃.၃)

(၁၅)နှစ်မှ (၆၄)နှစ်ကြားလုပ်သား အင်အားပါဝင်မှုနှုန်းထားသည် (၆၃.၈%)သာရှိသည်။ အမျိုးသားနှင့် အမျိုးသမီးလုပ်သားအင်အားပါဝင်မှုတွင် အဆင့်ကွာခြားမှုသည် ရိုးရာယဉ်ကျေးမှုထုံးတမ်းများကြောင့် အမျိုးသားလုပ်သားအင်အား(၈၅.၆%)တွင် အမျိုးသမီးလုပ်သားအင်အား (၄၃.၅%)သာရှိသည်။ အလုပ်လုပ်သည့် စုစုပေါင်းဦးရေမှာ (၄၉၉၄၆၈၄)ဦးဖြစ်သည်။ အောက်ပါဇယားသည် လုပ်သားအမျိုးအစားအရ လုပ်သားအရေအတွက်ကို ဖော်ပြထားခြင်းဖြစ်သည်။

**ဇယား၊ ၄း လုပ်သားအမျိုးအစားအရ လုပ်သားအရေအတွက်**

| | စုစုပေါင်း | လုပ်သား (အစိုးရ) | လုပ်သား (Private) | အလုပ်ရှင် | ကိုယ်ပိုင် လုပ်ငန်း | လစာမရသည့် အိမ်တွင်း လုပ်သား |
|---|---|---|---|---|---|---|
| ရောဝတီတိုင်း | | | | | | |
| စုစုပေါင်း | ၄,၉၉၄,၆၈၄ | ၁၀၂,၆၅၁ | ၉၄၁,၈၉၄ | ၂၁၉,၃၁၉ | ၉၈၃,၁၈၈ | ၃၈၀,၉၄၁ |
| ကျား | ၈၄၁,၄၀၉,၄၇၉ | ၄၉,၁၇၀ | ၆၄၆,၇၄၄ | ၁၇၀,၈၄၁ | ၆၆၇,၉၈၈ | ၁၆၉,၁၈၆ |
| မ | ၂,၅၈၅,၂၀၅ | ၅၃,၄၈၁ | ၂၉၅,၁၅၀ | ၄၈,၄၇၈ | ၃၁၅,၂၀၀ | ၂၁၁,၈၅၅ |

Source: Department of Population, Ministry of Labour, Immigration, and Population,(2014), Series E: Economic Activity, 2014 Myanmar Population and Housing Census, Government of Myanmar available at [http://www.dop.gov.mm/moip/index.php? route = census / state & path = 2],accessed [14/03/18]

ပိုင်ဆိုင်မှုအနေဖြင့် ဤဒေသရှိ သမရိုးကျအိမ်တွင်းလုပ်ငန်းအရေအတွက်မှာ (၁၄၈၈၉၈၃)ခု ရှိပါသည်။ ဤအိမ်တွင်းလုပ်ငန်းများတွင် အဓိကလုပ်ငန်းအများစု၏ (၈၈%)မှာ ထင်းများကို လောင်စာအဖြစ် သုံးနေဆဲပင် ဖြစ်သည်။ (၉၈%)လောက်မှာ ၎င်းတို့နေအိမ်များ၌ အင်တာနက် အသုံးမပြုနိုင်ကြပါ။ ဤ (၂)ချက်လုံးမှာ ဖွံ့ဖြိုးမှုနိမ့်ပါးသည့်နယ်ပယ်၊ လက္ခဏာများဖြစ်ကြသည်။ အထူးသဖြင့် နောက်ပိုင်းတွင် SME များ ဈေးကွက်ကြီးကြီးမားမားကို ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်နိုင်ရန်အတွက် နှောင့်နှေးမှုများ ဖြစ်ပေါ်စေနိုင်သည်။ အောက်ပါဇယား

သည် အိမ်တွင်းလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုအဆင့်အတန်းနှင့် ဆက်သွယ်သွားလာရေးအတွက် ပိုင်ဆိုင်မှုများကို အနှစ်ချုပ်ဖော်ပြထားခြင်းဖြစ်သည်။

ဇယား ၅။ ဧရာဝတီတိုင်းဒေသကြီးရှိ အိမ်တွင်းလုပ်ငန်းများ၏ ပိုင်ဆိုင်မှုများ

| | ပုံမှန် မိသားစုများ | ကား ထရပ်ကား ဗင်ကား | ဆိုင်ကယ် စက်တပ် ယာဉ် | စက်ဘီး | လေးဘီးတပ် ထွန်စက် | ပဲ့ထောင်/ လှေ | စက်လှေ | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| **ဧရာဝတီတိုင်း** | ၁,၄၈၈,၉၈၃ | ၉,၀၆၅ | ၂၇၆,၈၄၇ | ၅၆၆,၃၉၁ | ၃၆, ၈၃၅ | ၂၁၁,၆၄၆ | ၁၀၀,၁၀၆ | ၂၂၇,၆၅၄ |

| | ပုံမှန် မိသားစုများ | ရေဒီယို | ရုပ်မြင် သံကြား | ကြိုးဖုန်း | လက်ကိုင် ဖုန်း | ကွန် ပျူ တာ | အိမ်သုံး အင်တာ နက် | ဖော်ပြပါ ပစ္စည်း တစ်ခုခု မရှိသော ရာခိုင်နှုန်း | အမျိုး အစား အားလုံး ရှိ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|
| **ဧရာဝတီတိုင်း** | ၁,၄၈၈,၉၈၃ | ၆၁၆,၉၀၈ | ၅၈၈,၃၆၁ | ၆၈,၁၄၇ | ၂၈၅,၈၃၂ | ၁၅,၈၆၀ | ၃၁,၄၄၁ | ၃၅.၈ | ၀.၂ |

Soure: Department of Population, Ministry of Labour, Immigration, and Population,(2014), Series J: Household Amenities, 2014 Myanmar Population and Housing Census, Govenment of Myanmar available at [http://www.dop.gov.mm/moip/index.php? route = census/state & path = 2], accessed [14/03/18]

၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းတွင် ဤအချက်အလက်များသည် ယခင်နှစ်ထက် ကြီးထွားလာသည်ကို တွေ့ရသည်။ သမရိုးကျအိမ်တွင်းလုပ်ငန်း (၅)ခု၌ (၁)ခုသည် မိုဘိုင်းဖုန်းများ ပိုင်ဆိုင်ကြပြီး ဆက်သွယ်ရေးတိုးတက်လာသော်လည်း ကျယ်ကျယ်ပြန့်ပြန့်မရှိသေးပေ။ ဤအချက်သည် ဆက်သွယ်ရေးအဆင့်နှင့် SME များ သတင်းအချက်အလက်များရရှိနိုင်မှုကို ထပ်မံလျော့ကျစေကြောင်း ဖော်ပြနေသည်။ သန်းခေါင်စာရင်းအချက်အလက်များမှ မိုဘိုင်းဖုန်းနှင့် စမတ်ဖုန်းနည်းပညာဆိုင်ရာ အချက်အလက်များ ဖော်ပြထားခြင်းမရှိ၍ စမတ်ဖုန်းအရေအတွက်များပြားလာခြင်းသည် ဤဒေသဈေးကွက်စီးပွားရေး ပိုကြီးမားလာစေရန်၊ အွန်လိုင်းစနစ် အလားအလာကောင်းလာစေရန် အကြမ်းဖျင်း ထည့်တွက်သင့်သည်။

## ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦး (၃.၄)

အောက်ပါပုံသည် ဤဒေသရှိရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦးများကို ကျယ်ပြန့်စွာမြင်ရပုံ အား ဖော်ပြထားသည်။

**ပုံစံ - ၂။ ဧရာဝတီတိုင်းဒေသကြီး၏ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦး**




Source: Myanmar Information Management Unit, (2017), *Ayeyarwady Region – Myanmar,* available at [http://themimu.info/sites/themimu.info/files/documents/Region_Map_Tsp_Ayeyarwady_MIMU940v03_22Jun2017_Topo_A1.pdf], accessed [15/03/2018]

ရှေ့မှာဖော်ပြထားသကဲ့သို့ လုပ်ငန်းဆောင်ရွက်နိုင်သည့် နေရာပိုများနှင့် ကျန်ရှိနေသော စိုက်ပျိုးရေးဆိုင်ရာ ကုန်ပစ္စည်းများ၏ အဓိကစီးပွားရေးများကြောင့် အထောက်အပံ့ပေးနိုင်သည့် အခြေခံ အဆောက်အဦးများ ဦးစားပေးဆောင်ရွက်မှုသည် အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်လာသည်။ အထက်ဖော်ပြပါပုံအရ ဧရာဝတီတိုင်းကို ကမ်းရိုးတန်းကြီး တစ်ခုကဲ့သို့ ရေကြီး၊ ရေငယ် ဝန်းရံနေသည့်အချက်မှာ ရေလမ်းကြောင်းကို ထိုးထိုးဖောက်ဖောက် တိုးတက်စေပြီး၊ တပြိုင်နက်ထဲမှာပင် နိုင်ငံ၏ပင်လယ်နီးစပ်ဖြစ်သော အိန္ဒိယ FDI များ ဝင်ရောက်ခြင်းအတွက် လမ်းဖွင့်ပေးနိုင်သည်။ GMS သင်္ဘောလမ်းကြောင်းများ ကိုလည်း ရရှိစေနိုင်ပါသည်။

ဧရာဝတီတိုင်းသည် Greater Mekong Sub-Region Project ရင်းနှီးမြှုပ်နှံမှုအဆိုပြုခြင်းအတွက် အနည်းငယ်လွဲချော်နေပါသည်။ ဤ Project တွင် မြန်မာနိုင်ငံသည် သင်္ဂလာဒေ့ရှ်၊ တရုတ်၊ ထိုင်းတို့နှင့် တိုက်ရိုက်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီယားတို့နှင့် သွယ်ဝိုက်၍ လမ်းကြီး(၄)လမ်း ဆောက်လုပ်ရန် အကျိုးအမြတ်များ ရရှိနိုင်သည်။ သို့သော် ဤ (၄)လမ်းသည် ဧရာဝတီတိုင်းကိုဖြတ်သန်းမသွားပါ။ ထို့ကြောင့် ဤဒေသထောက်ပံ့ရေး အခြေခံအဆောက်အဦးများသည် ဤအဆိုပြုရင်းနှီးမြှုပ်နှံမှုများနှင့် မည်ကဲ့သို့ ချိတ်ဆက်ပေးမလဲဆိုသည်မှာ အရေးကြီးလှပြီး၊ ထိုအဆိုပြုမှုသည် ကုန်သွယ်မှုနှင့် FDI အကျိုးအမြတ်များ ရရှိစေရန် ဆွဲဆောင်နိုင်ပါသည်။

လက်ရှိတွင် ဤဒေသရှိအဓိကဆိပ်ကမ်းမှာ ထိုဒေသ၏မြို့တော်ပုသိမ်မြို့တွင် တည်ရှိနေပြီး တန်ချိန်ပေါင်း (၁၀,၀၀၀)အောက်သာ ကန့်သတ်ထားသည့်အတွက် နိုင်ငံတကာသင်္ဘောကြီးများဝင်ရောက်ရန် အဆင်မပြေနိုင်ခြင်း၊ ဤဒေသနှင့် မြန်မာတစ်ပြည်လုံးသို့ FDI ဝင်ရောက်လာနိုင်သည့် ပမာဏ မတိုးပွားထားခြင်းတို့ ရှိနေပါသည်။ မြန်မာနိုင်ငံ သတင်းအချက်အလက်စီမံခန့်ခွဲရေးအဖွဲ့ ထုတ်ပြန်ချက်အရ၊ ကိုရီးယားရင်းနှီးမြှုပ်နှံသူများသည် ဤဒေသ၌ ဆိပ်ကမ်းကြီးတစ်ခု တည်ဆောက်မည့် ဖြစ်နိုင်ချေရှိသော လေ့လာချက်များကို လက်ရှိဆောင်ရွက်နေကြသည်။ ၎င်းကိုဆောင်ရွက်ပြီးစီးပါက ဒေသတွင်း SME များအတွက် ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုပွင့်သွားမည်ဟု ခန့်မှန်းနိုင်ပါသည်။ အနာဂါတ် ရင်းနှီးမြှုပ်နှံမှုများအတွက် စဉ်းစားဆုံးဖြတ်ချက်များကို SME များအတွက် အလေအလွင့်များတိုးတက်ကောင်းမွန်စေရန် အဆိုပြုဆိပ်ကမ်းစနစ်ကိုသုံး၍ အဆိုပါကုန်သွယ်မှု အချိတ်အဆက်များနှင့် ဒေသတွင်း အခြေခံအဆောက်အဦးများ အားပေးမြှင့်တင်ရန် ဆောင်ရွက်သင့်သည်။

## SME မဟာဗျူဟာ၊ ၄

ဤဒေသရှိ SME အရေအတွက်မှာ ၂၀၀၉ ခုနှစ်တွင် (၉၀၀၀) ရှိပြီး အချို့မှာ Outdate ဖြစ်နေပါသည်။ SME အရေအတွက်တိုးလာသည်ဟု ခန့်မှန်းနိုင်ပါသည်။ ၂၀၁၅ ခုနှစ် SME ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ ထွက်ရှိသော်လည်း၊ မူဝါဒ၏အစိတ်အပိုင်းအများစုသည် လုပ်ငန်းကြီးများနှင့်လည်းကောင်း၊ SME များနှင့် လည်းကောင်း သက်ဆိုင်နေကြသည်။ သို့သော် ယေဘုယျအားဖြင့် SME များသည် မူဝါဒအပေါ်တွင် အသုံးချရန် ကျွမ်းကျင်မှုမရှိခြင်း၊ အရင်းအနှီးနည်းခြင်း၊ ကုမ္ပဏီကြီးများကဲ့သို့ အမြတ်အစွန်းမရှိခြင်း၊ ဥပဒေအကန့်အသတ်များ ရှိနေခြင်းတို့ကြုံနေရသည်။ SME များ၏ ဆက်စပ်ကန့်သတ်ချက်များတွင် ကျွမ်းကျင်ပုဂ္ဂိုလ်များဆုံးရှုံးရခြင်း၊ လုပ်သားအင်အားပါဝင်မှုနည်းပါးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦးများ နည်းပါးခြင်းနှင့် ခေတ်ပေါ် ဆက်သွယ်ရေးများနိမ့်ပါးခြင်းတို့ ပါဝင်ပါသည်။

သို့သော်လည်း အစိုးရသည် တိုင်းပြည်၏ မောင်းနှင်အားတစ်ခုအဖြစ် ဖော်ပြထားသည့် SME များ၏ အားသာချက်ကို အထူးတလည် အသိအမှတ်ပြု ထောက်ပံ့ပေးလျက်ရှိသည်။ စီးပွားရေးဆိုင်ရာ ဝန်းကျင် ပြုလုပ်သည့် အားအင်မြှင့်တင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့် တင်မှု အထောက်အပံ့ပေးခြင်းတို့သည် ထိုစီးပွားရေး အားကောင်းမှုကိုသာ ကြီးထွားစေရန် ပြုလုပ်နိုင်သည်။

SME မဟာဗျူဟာသည် ဤဒေသကောင်းကျိုးများနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခွင့်အရေးများ အားပေးမြှင့်တင်ရန် ရေးဆွဲသင့်သည်။ ၎င်းထဲတွင် စိုက်ပျိုးရေးဆိုင်ရာ အကျိုးကျေးဇူးများ၊ Home Made ထုတ်ကုန်များနှင့် ရေမြေတောတောင်သဘာဝ အလှတရားများဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင် စေမှုများနှင့် ဤဒေသရပိုင်ခွင့်များကို အားပေးမြှင့်တင်မှုများပါဝင်ပါသည်။ ၎င်းတို့ကို အခြေခံ၍ အောက်ဖော်ပြပါ လုပ်ဆောင်မည့် အစီအစဉ်များကို ခရီးသွားနယ်ပယ်အသစ်များ ပေါ်ထွက်လာရန်၊ အစိုးရအာရုံ စိုက်သော အရေး ကြီးနယ်ပယ်များပေါ်ထွက်လာရန်၊ အစိုးရအာရုံစိုက်သော အရေးကြီးနယ်ပယ်များဖြစ်သည့် စက်မှုဖုံရုပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက်အဦးများ အခွင့်အရေးရရှိရန်နှင့် ရှုပ်ထွေးနေသော မူဝါဒများ လျှော့ချပေးရာတွင် SME များ ရင်ဆိုင်ကြုံတွေ့နေရသည့် အရင်းအနှီး၊ ငွေကြေးနှင့် ဥပဒေကြောင်းအရ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးနိုင်ရန် အလေးထားအဆိုပြုထားပါသည်။ အဆိုပါ လုပ်ဆောင်မည့် အစီအစဉ်များကို လက်ရှိ SME များ၏ နှောင့်နှေး ကြံ့ကြာမှုများကို မလျှော့ချပေးနိုင်ပါ။ သို့သော် အနာဂတ် SME များအခွင့်အရေးရရန် အားပေး မြှင့်တင် ဆောင်ရွက်မည်ဖြစ်ပြီး ဤဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်သွားရန် တိုက်တွန်းဆောင်ရွက်သွားပါမည်။

## လုပ်ငန်းနယ်ပယ်များ၊ ၅

ဤနယ်ပယ်တွင် လုပ်ဆောင်ချက် (၂၀) ခု ရှိပါသည်။ လုပ်ငန်းနယ်ပယ်တစ်ခုစီတွင် "ပြဿနာ ရပ်" တစ်ခု (သို့) နှစ်ခုစီရှိနေပြီး ပြဿနာတစ်ခုချင်းစီအတွက် အဓိကလုပ်ဆောင်ရန်အချက် တစ်ခု(သို့) တစ်ခုထက်ပို၍ ဆောင်ရွက်ရန် သုံးသပ်ပေးထားပါသည်။

## လုပ်ငန်းနယ်ပယ်၊ (၁)

> အိမ်တွင်းအငယ်စားလုပ်ငန်းများသည် မိမိထုတ်လုပ်နိုင်သည့် ထုတ်ကုန်အချို့ကိုသာထုတ်၍ ရိုးရာထုတ်ကုန်များကို ကျွမ်းကျွမ်းကျင်ကျင် ထုတ်လုပ်နိုင်ကြသည်။ သို့သော် ဒါ့ထက်ပို၍ တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ဈေးကောင်းကောင်းနှင့် ရောင်းချရန်အားနည်းကြသည်။ ပိုကောင်းအောင် ဘယ်လိုထုတ်မလဲ၊ အရည်အသွေး ဘယ်လိုထိန်းမလဲ၊ ရိုးရာပုသိမ်ထီး၊ ကြိမ်၊ ဗေဒါနှင့် အခြားစားသောက်စရာမုန့်များ၊ လက်မှုအနုပညာများကို ဈေးကွက်ရအောင် ဘယ်လိုထုတ်မလဲ၊ စီးပွားရေးပါတနာတွေကို ဘယ်လိုဆွဲဆောင်မလဲ၊

| | |
|---|---|
| ပြဿနာ | ဤလုပ်ငန်းနယ်ပယ်သည် ဧရာဝတီတိုင်း၊ SME များအတွက် စီးပွားရေး၊ ရင်းနှီး မြှုပ်နှံမှုနှင့် စိတ်ဝင်စားမှုအပိုင်းများတွင် ပိုမိုဆွဲဆောင်မှုရှိစေရန် အရေးကြီးသည့် အပိုင်း ဖြစ်သည်။ သို့သော် ဤနယ်ပယ်ရှိ တန်ဖိုးကွင်းဆက်များကို မြှင့်တင်ပေးရန် တန်ဖိုးမြှင့်နည်းပညာ (Value added)များ အရည်အသွေးမြင့်ကုန်စည်များကိုလည်းမထုတ်လုပ်နိုင်ပါ။ ထိုအချက်မှာ ဤဒေသရှိ စီးပွားရေးအစုစပ်များလုပ်ကိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကိုကန့်သတ်ထားရုံသာမက ထုတ်ကုန်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ဈေးကွက်ရရှိမှုနယ်ပယ်များကို ကန့်သတ်ထားခြင်းလည်း ဖြစ်သည်။ အရည်အသွေး ထိန်းသိမ်းခြင်းနှင့် တန်ဖိုးမြှင့်ခြင်းဟုခေါ်သည့် ကုန်စည်ထုတ်လုပ်မှုတန်ဖိုးတိုးမြှင့်ခြင်း ဤဒေသ SME များ ခိုင်မာအားကောင်းလာစေရန် အထောက်အကူ ပေးနိုင်သည်။ |
| ဖြေရှင်းနည်း(များ) | အရေးကြီးသည့် ဖြေရှင်းနည်းတစ်ခုမှာ အစားအစာအရည်အသွေး ထိန်းသိမ်းရန်ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် လူမှုသတင်း စာမျက်နှာများတွင် လက်ရှိ ဈေးကွက်ဆိုင် ရာ ဆက်သွယ်ရေးများပြန့်ပွားလာရန်နှင့်ဈေးကွက် အခွင့်အလမ်းများရရှိနိုင်သည့် နည်းပညာပလက်ဖောင်းများကိုအသုံးပြုသင့်သည်။ ဝန်ကြီးဌာနများမှ ကုန်ကြမ်းအရည် |

| | |
|---|---|
| | အသွေး တိုးမြှင့်မှု အစီအစဉ်တစ်ခု အထောက်အပံ့ပေးပြီး၊ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေး မြှင့်တင်ဆောင်ရွက်သင့်သည်။ |
| ဆောင်ရွက်ချက် (၁.၁) | အစားအစာ လုံခြုံစိတ်ချရမှုဟုခေါ်သည့် ဤဒေသရှိ အစားအစာ အရည်အသွေး တိုးတက်စေရန် ဆောင်ရွက်ဖို့လိုသည်။ ဤအချက်တွင် စားသောက်ကုန်များ တစ်သက်တာ တာရှည်ခံအောင် ပြုလုပ်ခြင်းများ ပါဝင်ပါသည်။ ထိုပြဿနာများကိုဖြေရှင်းရန် အဓိကလုပ်ဆောင်ချက်များ နည်းပညာအသစ်များ အရောင်ဆိုးခြင်းများ အစားအစာ တာရှည်ခံအောင်ပြုလုပ်သည့် နည်းစနစ်များ ပါဝင်ဆောင်ရွက်ရပါမည်။ သတ်မှတ်ထားသော နည်းစနစ်များကို FDA နှင့် စက်မှုဓါတုဌာနတို့မှ ထောက်ပံ့ပေးနိုင်ပါသည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| SME ရုံးခွဲများ နှင့် စီးပွားရေး လုပ်ငန်းရှင်များ | SME ရုံးခွဲများနှင့် စီးပွားရေးလုပ်ငန်းရှင်များ | (၂)နှစ်အထိ |

| | |
|---|---|
| လုပ်ဆောင်ချက် (၁.၂) | Action Plan များဆွေးနွေးဆုံးဖြတ်နိုင်ရန်အတွက် ဈေးကွက်နေရာရရှိအောင် အားပေး မြှင့်တင်ရန်နှင့် ထိုထုတ်ကုန်များသည် ဝယ်သူများအား ပိုမိုဆွဲဆောင်နိုင်စေရန် ဒေသတွင်း ထုတ်ကုန်ထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များမှ ကော်မတီတစ်ခုကို ဖွဲ့စည်းတည်ထောင်ရန်၊ ပြည်သူများသို့ ထုတ်ကုန်များရောက်အောင် အားပေးမြှင့်တင်ခြင်းကိုလည်း Social Media Platform များ Non-virtual Plat-form များသုံး၍ မြှင့်တင်ဆောင်ရွက်ရမည်။ အထူးသဖြင့် နောက်ပိုင်းတွင် အထင်ကရ Online (သို့) Social Media များမှတဆင့် Customer များအတွက်ပါ အသုံးဝင်လာပါမည်။ ဈေးကွက်ရောက်အောင် အားပေးမြှင့်တင်ဆောင်ရွက်ခြင်းမှာ ထုတ်ကုန်များကို ခေတ်ပေါ်ဒီဇိုင်းအသစ် များဖြင့် ထုတ်လုပ်နိုင်လျှင်ပို၍ လူကြိုက်များ အောင်မြင်နိုင်ပြီး ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများမှတဆင့် ဖြန့်ဖြူးပါက ပိုအောင်မြင်နိုင်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| အစားအစာ တင်ပို့ ရောင်းချသူများ အသင်း | စီးပွားရေးလုပ်ငန်းရှင် | (၃)နှစ် |

| | | |
|---|---|---|
| လုပ်ဆောင်ချက် (၁.၃) | ဆက်စပ်ဝန်ကြီးဌာနများသည် ကုန်ကြမ်းအရည်အသွေး တိုးတက်စေရန်နှင့် ကုန်ကြမ်း ပြတ်လပ်မှုမရှိစေရန် အစီအစဉ်များနှင့် ဥပဒေများကို အထောက်အပံ့ပေးသင့်သည်။ ဤပြဿနာကို ဖြေရှင်းမည့် အစီအစဉ်နှင့် ဥပဒေများကို တောင်းဆိုမှုအရ ပြည်တွင်း၊ ပြည်ပစစ်တမ်းများကောက်၍ မြှင့်တင်ဆောင်ရွက်သင့်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| အစိုးရဌာနများ | အစိုးရဌာနများနှင့်စီးပွားရေးလုပ်ငန်းရှင်များ | (၄)နှစ် |
| လုပ်ဆောင်ချက် (၁.၄) | SME ရုံးခွဲများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများ ကိုယ်တိုင်လည်း အတွေ့ အကြုံနှင့် နည်းပညာများဖလှယ်ရန် ကော်မတီများနှင့် ပါဝင်ဆောင်ရွက်သင့်သည်။ ဈေးကွက်ပိုမိုရရှိအောင် ဘယ်လိုလုပ်ရမလဲဆိုသည့် တန်ဖိုးမြှင့်နှင့်အရည်အသွေးမြှင့် ထုတ်ကုန်များကို ယခင်ကအောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် အကြောင်းအရာ များ ကို မျှဝေသင့်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| SME ရုံးခွဲနှင့် စီးပွားရေးလုပ်ငန်း ရှင်များ | စီးပွားရေးလုပ်ငန်းရှင်များ | (၁)နှစ် |

စားသောက်ကုန်လုပ်ငန်းများသည် အဓိကအားဖြင့်အသေးစားစီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ ဤလုပ်ငန်းများတွင် စီးပွားရေးအရွယ်အစား ခွဲခြားထားခြင်းမရှိမှု၊ နည်းပညာကျွမ်းကျင်ခြင်းမရှိမှု၊ စီးပွားဆိုင်ရာ အရင်းအမြစ်များ၊ လုပ်ငန်းသဘာဝများမရှိမှုတို့ကြောင့် စံချိန်စံညွှန်းဆိုင်ရာ ပြဿနာများမှာ ပိုဆိုးဝါးကြသည်။ အထူးအားဖြင့် နိုင်ငံတကာအစားအသောက် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်းအတွက် လိုအပ်ချက်များနှင့် ပတ်သက်၍ အထွေထွေသတင်းအချက်အလက်များမသိရသည့်အတွက် အသေးစားစီးပွားရေး လုပ်ငန်းများကို အခက်အခဲဖြစ်စေသည်။ မြန်မာနိုင်ငံရှိ ကောက်ပဲသီးနှံ ကျိုးကြေမှုများသည် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် ယှဉ်လျှင် (၂၀%) မြင့်တက်နေသည်ကို တွေ့ရသည်။ ၎င်းမှာ ဒေသတွင်း နိုင်ငံတကာကုန်သွယ်မှုအရ အရေးကြီးသော နှိုင်းယှဉ်ချက်တစ်ခုဖြစ်သည်။ ဧရာဝတီတိုင်း ဒေသကြီးတွင် အရည်အသွေးမြင့် ဆန်စပါး ထုတ်လုပ်နိုင်သည့် စက်ရုံ (၃) ခုသာရှိသည်။

အခြေခံနည်းပညာနှင့် သတင်းအချက်အလက်စနစ် တွဲဆက်မှုသည် အစားအစာကျန်းမာသန့်ရှင်းမှု၊ ရေရရှိနိုင်မှု၊ ချက်ပြုတ်ခြင်းအတွက် အိုးခွက်ကိရိယာများ၊ အပူနှင့်အအေးစားသောက်ကုန်များအတွက် စွမ်းအင် ရရှိမှု သေချာစွာထုတ်ပိုးထားရှိမှု သန့်ရှင်းရေးနှင့် အိမ်သာသုံးပစ္စည်းများ သပ်ရပ်စေမှုတို့တိုးတက်လာစေရန် တက်ကြွစွာ အားပေးမြှင့်တင်နိုင်သည်။ မသန့်ရှင်းသည့်ရေများကို အစားအစာနှင့်သောက်သုံး ရေထုတ်လုပ်မှုများတွင် မကြာခဏ အသုံးပြုနေကြသည်။

မြန်မာနိုင်ငံ၏ အစားအသောက်စံချိန်စံညွှန်းနှင့်ပတ်သက်၍ လက်ရှိဥပဒေစနစ်မရှိပေ။ ဤဒေသ အစားအသောက်စံချိန်စံညွှန်းကို ASEAN Expert Group on Food Safety ဟုအမည်ပေးထားသောအာဆီယံ အဖွဲ့မှ ချုပ်ကိုင်ထားသည်။ မြန်မာနိုင်ငံသည် အာဆီယံသို့ဝင်ရောက်မှုနောက်ကျသည့် အတွက်ကြောင့် ဤ ပြဿနာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အစိုးရအစီအစဉ်များမသိရှိပါ။ ဆိုလိုသည်မှာ နိုင်ငံသည် ဒေသတွင်း အလှည့်ကျတွင် နောက်ကျကျန်ခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် FAO မှ ဤဒေသ၏ အစားအစာလုံခြုံစိတ်ချမှုနှင့်ပတ်သက်၍ နယ်ပယ် (၆) ခုကို ထုတ်ပြန် ကြေညာခဲ့သည် -

(၁) တိရစ္ဆာန်ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်မှု

(၂) တိုးချဲ့စနစ်များ

(၃) Supply Chains အပေါ်တွင် မူဝါဒဖွံ့ဖြိုးတိုးတက်မှု

(၄) မွေးမြူရေးဆိုင်ရာကုန်သွယ်မှုနှင့် ဈေးကွက်ရရှိမှု

(၅) နို့ထွက်ပစ္စည်းလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားမှု

(၆) Cross-Cutting မူဝါဒဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ

## လုပ်ငန်းနယ်ပယ်။ (၂)

ပုဂ္ဂလိကကဏ္ဍစီးပွားရေးဝန်ဆောင်မှုများ (ဥပမာ - ဥပဒေရေးရာ၊ ကုန်ပစ္စည်းအမှတ်တံဆိပ်ကပ်ခြင်း၊ ဈေးကွက်ထိုးဖောက်ခြင်း၊ စီးပွားရေးစီမံကိန်းရေးဆွဲခြင်း စသည် . . .) နှင့် စီးပွားရေးဆိုင်ရာသင်တန်း တောင်းဆိုမှုများ၊ အကြံပေးဝန်ဆောင်မှုများကို ဘယ်လိုလုံ့ဆော်ဆောင်ရွက်မလဲ။ ဤနေရာရှိ အစိုးရ အခန်းကဏ္ဍက ဘာလဲ။

| | |
|---|---|
| ပြဿနာ | လက်ရှိတွင် ဤဒေသ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ဆောင်မှု အလွန် အားနည်း သည်။ စီးပွားရေးများ၊ R & D များနှင့် Business Channel အသစ်များတိုးပွားလာသည့်အခါ အထောက်အပံ့အနည်းငယ် ဖြစ်နိုင်သည်။ ဤဒေသ အောင်မြင်စေသည့် ကျွမ်းကျင်မှုများ မရှိသည့်အတွက် စွန့်ဦးတီထွင်လုပ်ငန်းရှင် အောင်မြင်မှုနှုန်းထား လျော့ကျနေခြင်းဖြစ်သည်။ |
| ဖြေရှင်းနည်း(များ) | ဖြေရှင်းနည်းများတွင် အမျိုးသမီးများ၏ သက်မွေးကြောင်းဘဝကို ဆွေးနွေးဖြေ ရှင်းရန်နှင့် သုံးသပ်ပေးရန်အတွက် သက်ဆိုင်ရာလုပ်ငန်းရှင်ကြီးများ၊ ဌာနဆိုင်ရာ များနှင့် (၁)လ (၂)ကြိမ် ပုံမှန်အစည်းအဝေး ပြုလုပ်မှုများပါဝင်ပါသည်။ အစည်းအဝေးပွဲများအရ မူဝါဒ အပြောင်းအလဲများနှင့် အဓိကလုပ်ဆောင်ရမည့် အစီအစဉ်များကို တွက်ထုတ်ပေးနိုင်သော ရလဒ်များရနိုင်ပါသည်။ |
| လုပ်ဆောင်ချက် (၂.၁) | အစိုးရဌာန SME ဝန်ထမ်းများကို အဓိကရင်းနှီးမြှုပ်နှံမှုများ မဆောင်ရွက်ခင် အဆင့်မြင့် Business Plan စုံစမ်းမေးမြန်းမှုများဆောင်ရွက်ရန် တိုက်တွန်းအားပေးသင့်သည်။ စုံစမ်းမေးမြန်းမှုများတွင် နေရာ၊ နယ်ပယ်ဒေသ၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဝယ်သူပမာဏ တွက်ချက်ရေး၊ လုပ်သားအင်အားရရှိရေး၊ ဒေသလိုအပ်ချက်နှင့်အညီ ထုတ်ကုန်ထုတ်နိုင်ရေး၊ ဈေးကွက်အခြေအနေ၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ အရှုံးအမြတ်တွက်ချက်မှုများပါဝင်ပါသည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| --- | --- | --- |
| အစိုးရ | SME ဌာန၊ စီးကူးဝန်ကြီးဌာန၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံကိန်းဝန်ကြီးဌာန၊ | (၂)နှစ် |
| လုပ်ဆောင်ချက် (၂.၂) | အစိုးရဝန်ထမ်းများ၏ တရားဝင်အကြံဉာဏ်များကို ဖော်ထုတ်ခြင်းဖြင့် ဥပဒေပြုမှု ဖန်တီးရမည်။ ၎င်းတို့တွင် ထောက်ခံမှုနှင့် လှည့်စားမှုအကြောင်းပြချက်များ၊ အလုပ်အကိုင် လုံခြုံစိတ်ချမှု ဆိုင်ရာပြဿနာများ၊ တရားမဝင်ကုန်ပစ္စည်းများ ဝယ်ယူရောင်းချခြင်း၊ Customer Protection အတွက် စစ်ဆေးထောက်ခံခြင်း၊ အသိပညာမြှင့်တင်ခြင်းနှင့် ထုတ်ကုန်အရည်အသွေးထိန်းသိမ်းခြင်းကို ပါဝင်ပါသည်။ | |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| --- | --- | --- |
| FDA နှင့် စားသုံးသူ ကာကွယ် စောင့်ရှောက်ရေး | FDA နှင့် စားသုံးသူကာကွယ်စောင့်ရှောက်ရေး | ပုံမှန်စစ်ဆေးခြင်း |
| လုပ်ဆောင်ချက် (၂.၃) | စီးပွားရေးဆိုင်ရာ မန်နေဂျာများကျွမ်းကျင်မှုမြှင့်တင်ရန် အစီအစဉ်များဖန်တီးသင့်သည်။ သင်တန်းများတွင် စာရင်းဇယားသင်တန်း၊ အရှုံး အမြတ်ရေးဆွဲခြင်း သင်တန်း၊ ဝင်ငွေ ထွက်ငွေထိန်းသိမ်းခြင်း သင်တန်းများ၊ Financial Assistance သင်တန်းများနှင့် ခေါင်းဆောင်မှုကျွမ်းကျင်ရေးမြှင့်တင်ဆောင်ရွက်ပေးသောသင်တန်းများလည်း ပါဝင်သင့်ပါသည်။ သင်ရိုးများတွင် စီးပွားရေးအောင်မြင်အောင် မြှင့်တင်ဆောင်ရွက် ပေးသော ယေဘုယျအကြောင်းအရာများ ပါဝင်သင့်သည်။ သို့သော် အဓိကစီးပွားရေး လုပ်ငန်းနှင့် နယ်ပယ်များတွင် စွမ်းဆောင်ရည် မြှင့်တင်ပေးမှုများလည်း ပါဝင်သင့် ပါသည်။ | |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| --- | --- | --- |
| အစိုးရနှင့် SME ဌာန | SME ဌာနနှင့်စီးပွားရေးလုပ်ငန်းရှင်များ မိတ်ဖက်အဖွဲ့အစည်းများ | (၃)နှစ် |

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးမှ စက်မှုအားကောင်းသော စီးပွားရေးကူးပြောင်းရန် SME အထောက်အကူပြု ရည်ရွယ်ချက်များဖြင့် SME ဖွံ့ဖြိုးတိုး တက်ရေးမူဝါဒကို ထုတ်ပြန်ခဲ့ပါသည်။ မူဝါဒသည် လမ်းကြောင်း(၃)ခုဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပါသည် -

(၁) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

(၂) နည်းပညာနှင့်တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်ရေး

(၃) ငွေကြေးအထောက်အပံ့ရရှိရေး

လုပ်ဆောင်ချက်(၂.၃) သည် ၂၀၁၅ ခုနှစ် SME ဖွံ့ဖြိုးတိုးတက်မှု မူဝါဒအစီအစဉ်နှင့် ပုံမှန်အားဖြင့် ကိုက်ညီမှုရှိပါသည်။ အစိုးရမှ ငွေကြေးအထောက်အပံ့ရရှိရေးနှင့် ခေတ်သစ်နည်းပညာ/ R & D ရင်းနှီးမြှုပ်နှံမှုများကို SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘောတူခဲ့ပါသည်။ ၎င်းတွင် နည်းပညာကျောင်း အသစ်များနှင့် သက်မွေးသင်တန်းကျောင်း သင်ရိုးများမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများ ပါဝင်ပါသည်။

နည်းပညာတိုးတက်စေရန်အတွက် အစိုးရသည် ပိုကြီးမား၍ အတွေ့အကြုံပိုရှိသော အစိုးရ ပုဂ္ဂလိက လုပ်ငန်းများမှ ခေတ်သစ်ပစ္စည်းကိရိယာများနှင့် နည်းပညာလွှဲပြောင်းရယူမှုများအတွက် နည်းပညာဆိုင်ရာ အကြံဉာဏ်များထောက်ပံ့ပေးရန် အထူးစိတ်ဝင်စားလျက်ရှိပါသည်။ အစိုးရမှ အဆိုပြုထား သည့် SME များအတွက် ငွေကြေးအရင်းအမြစ်တိုးတက်စေမှုတွင် အတိုးနှုန်းသက်မှတ်မှုနှင့် JICA အစား နိုင်ငံတကာ အဖွဲ့အစည်းများမှ အထောက်အပံ့ပေးသည့် ချေးငွေများထပ်မံရရှိရန်တို့ ပါဝင်ပါသည်။ ချေးငွေထောက်ပံ့ ပေးရာတွင် လက်ရှိ SME လုပ်ငန်းရှင်များရရှိထားသည့် ချေးငွေများတွင် အပေါင်ပစ္စည်း ထားရှိမှု လျော့ပါးစေရန် အတွက် မြှင့်တင်ဆောင်ရွက်ရန် သုံးသပ်အကြံပြုပါသည်။ ထပ်မံ၍ Business Plans and Accountancy စွမ်းရည်မြှင့်တင်ခြင်းများကိုလည်း ဤပြဿနာများလျော့ချရန် ပါဝင်ဆောင်ရွက်ရမည်။

## လုပ်ငန်းနယ်ပယ်၊ (၃)

အခွန်စည်းကြပ်ခြင်းသည်လည်း SME များ၏ အလားအလာရှိမှုနှင့် အောင်မြင်မှုကို ကြီးထွားစေရန် ဖိနှိပ်မှုများဖြစ်စေသည်။ SME များအခွန်ပေးဆောင်ရန် အကောင်းဆုံးနည်းလမ်းတွေက ဘာဖြစ်မလဲ။ Start-Up SME များအခွန်နည်းနည်းဘဲပေးဆောင်သင့်ပါလား။

| | |
|---|---|
| ပြဿနာ | အချို့အခွန်များမှာ အရမ်းမြင့်မားပြီး စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် ကျယ်ပြန့် လာမှုများအတွက် ငွေကြေးကန့်သတ်မှုများရှိနေသည်။ အခွန်ကောက်ခံမှုများအားလုံးမြင့်မားနေသည်ဟု ပြောနေသည်မဟုတ်သော်လည်း အချို့အရာများမှာ SME များ အမိန့်နှင့် အညီဆောင်ရွက်ရန် အချိန်နှင့်စွမ်းအင်များစွာအသုံးချရပြီး ရှုပ်ထွေးမှုများစွာ ရှိနေသည်။ စာရင်းဇယားနှင့် အခွန်ကို လုံလုံလောက်လောက်တွက်ချက်ရန် အတွေ့အကြုံ (သို့) ငွေကြေးမရှိသည့် SME များအတွက် အရေး ကြီးသည့် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေပြီး ထိုလုပ်ငန်း ဆောင်တာများကို ဆောင်ရွက်ရန်ငွေကြေးမရှိကြပါ။ |
| ဖြေရှင်းနည်း(များ) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဗျူရိုခရေစီစနစ်နှင့် ရှုပ်ထွေးနေသော အခွန်စနစ်များလျော့ချရန်အတွက်လည်းကောင်း၊ SME များ အခွန်ပေးဆောင်နိုင်ရန်အတွက် လည်းကောင်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြင်ဆင်သင့် သည်။ |
| လုပ်ဆောင်ချက် (၃.၁) | Start-Up SME များအတွက် (၃)နှစ်မှ (၅)နှစ်အခွန်ကင်းလွတ်ခွင့်ပြုရန် အကြံဉာဏ်ဖြစ်ပါသည်။ ငွေကြေးနှင့်အတွေ့အကြုံများတွင် အခက်အခဲများများရှိသော စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းစတင်လည်ပတ်သည့် နှစ်အနည်းငယ်တွင် ပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။အခွန်ကင်းလွတ်ခြင်းသည်SMEလုပ်ငန်း စတင်တည်ထောင် သည့်နှစ်အနည်းငယ်တွင် စီးပွားရေးရာပိုမိုတည်ငြိမ်ပြီး စီးပွားရေးအတက်အကျကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အာရုံစုစည်းနိုင်မည်ဖြစ်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန | စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | (၁)နှစ် |

| | | |
|---|---|---|
| လုပ်ဆောင်ချက် (၃.၂) | စီးပွားရေးအမျိုးအစားအရ အခွန်များကိုပြန်လည်ပြုပြင်သင့်သည်။ ထိုပြုပြင်မှုကို စီးပွားရေးလုပ်ငန်းရှင်များနှင့်အစိုးရတို့မှ ဆောင်ရွက်နိုင်သည်။ SME များအတွက်အခွန်နှင့် ဆိုင်သော ဝန်ထုပ်ဝန်ပိုးများကို ညှိနှိုင်းဆောင်ရွက်ပေးရန် တိုက်ရိုက်အခွင့်အရေးများရနိုင်သည်။ သို့သော် ထိုအစည်းအဝေးအတွက် စီးပွားရေးလုပ်ငန်းများမှ ဘယ်လိုလျှောက်ထားနိုင်သလဲဆိုသည့် သတင်းအချက်အလက်ပွင့်လင်းမြင်သာမှုရှိရပါမည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | (၁)နှစ် |
| လုပ်ဆောင်ချက် (၃.၃) | အခွန်များကိုသင့်လျော်စွာတွက်ချက်နိုင်သည့် SME အရေအတွက်ကန့်သတ်စေရန်နှင့် အခွန်အသိပညာပေးအစီအစဉ်များကို ဆောင်ရွက်ရန်အကြံပြုပါသည်။ ၎င်းတွင် မတူညီသည့်အခွန်စနစ်များပါဝင်သင့်ပါသည်။ ဖြစ်နိုင်သည့်အခွန်ကင်းလွတ်ခွင့်များနှင့် သတ်မှတ်ထားသော စီးပွားရေးအမျိုးအစားများအတွက် အခွန်လျှော့ချခြင်းကိုလည်း ပေါ်လွင်အောင်ဆောင်ရွက်သင့်ပါသည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဘဏ္ဍာရေးနှစ်(၁)နှစ် |

၂၀၁၅ ခုနှစ် SME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတွင် ဤစီးပွားရေးလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်တိုးမြှင့်ရန်နှင့် အခကြေးငွေအနည်းငယ်သာကောက်ခံစေသည့် SME ဆိုင်ရာအခွန်များ၏ ပြန်လည်သုံးသပ်ချက်များပါဝင်ပါသည်။ အစိုးရသည် အောက်ပါမူဝါဒ (၅)ရပ်ကို ထောက်ပံ့ပေးပါသည် -

(၁) စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးချနိုင်သော အဆင့်မြင့်တင်ပေးသည့် ထုတ်ကုန် အသစ်များအတွက် အခွန်လျှော့ချပေးရန်၊

(၂) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနယ်ပယ်ရှိ SME ဦးစားပေါ် ကဏ္ဍများအတွက် ရေရှည်အခွန်လျှော့ချပေးရန်၊

(၃) SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ဖော်ပြပါအတိုင်းပါဝင်သည့် ဖွံ့ဖြိုးပြီး စီးပွားရေးနယ်ပယ်များရှိ SME များအတွက် အခွန်လျှော့ချရန်နှင့် ကင်းလွတ်ခွင့်ပြုရန်၊

(၄) သဘာဝဘေးအန္တရာယ်များ (ဧရာဝတီတိုင်းဒေသကြီးရှိ အဖြစ်များသောဘေးအန္တရာယ်) ကြောင့် ကြီးကြီးမားမားဆုံးရှုံးသွားသည့် SME များအတွက် အမြတ်ခွန်ကင်းလွတ်ခွင့်ပြုရန်၊

(၅) ရိုးရှင်းသော အခွန်ပေးဆောင်မှုလုပ်ငန်းစဉ်များထောက်ပံ့ပေးရန်နှင့် အခွန်ပေးဆောင်ခြင်းနှင့် သတင်း အချက်အလက်ကျယ်ပြန့်ရေးအတွက် သင်တန်းများထောက်ပံ့ပေးရန်၊

လုပ်ဆောင်ချက် (၃.၁) မှ (၃.၃) အထိ အဓိကအချက် (၅) ချက် ကျင့်သုံးသင့်ပါသည်။ အခွန် ကင်းလွတ်ခွင့် အစီအစဉ်များနှင့် ရိုးရှင်းသောအခွန်စနစ်များကို သိရှိစေရန် စွမ်းဆောင်ရည်မြှင့်တင်မှုများအား ပေါင်းစပ် လုပ်ကိုင်ရန် အရေးကြီးပါသည်။ အခွန်စနစ်ပြောင်းလဲသွားသည့်အခါ သတင်းအချက်အလက်ကျယ်ပြန့်စွာ သိရှိ စေရေးနှင့် အခွန်ကင်းလွတ်ခွင့်ရသည့် အခွင့်အရေးများသည် ဤဒေသရှိ SME များ သိရှိစေရန်အတွက် အလွန် အရေးကြီးပါသည်။ လက်ရှိအခြေအနေမှာ သတင်းအချက်အလက်များ ကျယ်ပြန့်စွာသိရှိစေရေးနှင့် အားလုံး ပါဝင်ဆောင်ရွက်ရေးအတွက် အလွန်အရေးကြီးသည်ဟုဆိုလိုပါသည်။

## လုပ်ငန်းနယ်ပယ်။ (၄)

ခေတ်မမီတော့သည့် ထုတ်လုပ်မှုနည်းပညာများသည် ဝယ်သူ၏စိတ်ဝင်စားမှုနှင့် ထုတ်လုပ်မှု အကျိုး ဆက်ကို လျော့ကျစေသည်။ ထုတ်လုပ်မှုနည်းပညာအသစ်များနှင့်ပတ်သက်၍ SME များကိုပိုကောင်း သည့် သတင်းအချက်အလက်များ ဘယ်လိုပေးမလဲ။ နိုင်ငံခြားလုပ်ငန်းစုများကို ဤနေရာတွင် နည်းပညာအသစ်များဖြန့်ဝေပေးရန် ဘယ်လိုအားပေးတိုက်တွန်းမလဲ။ နည်းပညာအဟောင်းမှအသစ် ကူးပြောင်းနိုင်ဖို့ ဘယ်အကြောင်းအရာတွေက အရှိန်မြှင့်ပေးနိုင်သလဲ။

| ပြဿနာ | ထုံးစံအားဖြင့် SME များအတွက် ထုတ်လုပ်မှုနည်းပညာများသည် အိုဟောင်းခေတ် ကုန်နေပါသည်။ အကျိုးရှိသော ကုန်ကျစရိတ်များကြောင့် စွမ်းရည် ကောင်းကောင်း ထုတ်လုပ်နိုင်သည့် အခြားစီးပွားရေးလုပ်ငန်းများနှင့် SME လုပ်ငန်းများ ယှဉ်ပြိုင်ရန် စွမ်းရည်လျော့ကျစေသည်။ ထပ်မံ၍ ခေတ်မမီတော့သည့် နည်းပညာ အသုံးပြုခြင်းသည် တီထွင်ဆန်းသစ်မှုကန့်သတ်ခြင်း၊ ထုတ်ကုန်များထဲမှ ခေတ်ပေါ်နှစ်ခြိုက်စရာ ထုတ်ကုန် များကို ကန့်သတ်ထားခြင်းတို့နှင့် တူပါသည်။ |
|---|---|

| | | |
|---|---|---|
| ဖြေရှင်းနည်း(များ) | တိုင်းအစိုးရသည် ခေတ်မီနည်းပညာများကို စွဲမက်စေသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ပေါ်စေရန် ဆောင်ရွက်သင့်သည်။ လက်ရှိအကျိုးအမြတ်မဖြစ်သည့် သတင်းအချက် အလက်များစုစည်းရန်၊ ကျွမ်းကျင်လုပ်သား တိုးမြှင့်ဆောင်ရွက်ရန်နှင့် ခက်ခဲသည့် ဥပဒေများကို လွယ်ကူစေရန် ဌာနများဖွဲ့စည်းသင့်သည်။ | |
| လုပ်ဆောင်ချက် (၄.၁) | စီးပွားရေးလုပ်ငန်းအမျိုးမျိုးနှင့်ဆိုင်သော ယခင်ကဖော်ပြခဲ့ပြီးသော ပြဿနာများကို ဖြေရှင်းပေးမည့် အချိန်မကုန်ဘဲ သတင်းအချက်အလက်ပို၍ မြန်မြန်ရရှိစေရန် ဌာနတစ်ခုဖွဲ့စည်းပါ။ One Stop Shop Programme ကိုအသုံးပြု၍ပို၍မြန်မြန်လုပ်ဆောင်နိုင်ပါသည်။ ဤစီမံကိန်းမှတဆင့် လူအများပိုမိုသိရှိစေရန်နှင့် နက်နက်ရှိုင်းရှိုင်း ဆွေးနွေးနိုင်ရန် PPP ကော်မတီတွင်လည်း အကြံပြုနိုင်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| ပြည်ထောင်စုအစိုးရ | တိုင်းအစိုးရနှင့် SME | (၆)လ |
| လုပ်ဆောင်ချက် (၄.၂) | တိုင်းအစိုးရသည် စီးပွားရေးလုပ်ငန်းအမျိုးအမျိုးအတွက် အကျိုးရှိထိရောက်ပြီးတီထွင်ဆန်းသစ်သော ထုတ်လုပ်မှုများ တိုးတက်စေရန်လိုအပ်သည့် ကျွမ်းကျင် လုပ်သားဆိုင်ရာ သင်တန်းများကို ရှေ့ဆက်ဆောင်ရွက်သင့်သည်။ ၎င်းမှာ နိုင်ငံခြားဈေးကွက်သို့ ရောက်ရှိရန် ဤထုတ်ကုန်စွမ်းရည်များကို စံပြအားပေးမြှင့်တင်ရမည်။ ဥပမာ – ဆားထုတ်လုပ်သည့်လုပ်ငန်းတွင် နိုင်ငံတကာထုတ်လုပ်မှုတွင် အကျိုးရရှိမှုနည်းပါးသည်။ ဒေသတွင်းထုတ်လုပ်သည့် ဆားများမှာအရည်အသွေးနိမ့်သည့်အတွက် ပြည်ပမှ သွင်းလာသည့် ဆားများနှင့် ယှဉ်ပြိုင်မှုခက်ခဲနေသည်ကို တွေ့ရသည်။ အစိုးရသည် ရာသီဥတုအပြောင်းအလဲများကို စနစ်တကျတွက်ချက်ပေးမည့် ကျွမ်းကျင်ပညာရှင်များမြှင့်တင်ခြင်းနှင့် နောက်ပိုင်းထုတ်လုပ်မှုများအတွက် ဘယ်လိုအကျိုးဆက်ဖြစ်လိမ့်မလဲသိရှိစေရန် အရည်အသွေးမြှင့်၍ အဖြေရှာခြင်းများ၊ နည်းပညာရှာဖွေခြင်းများကို ရှေ့ဆက်ဆောင်ရွက်သင့်သည်။ | |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းအစိုးရ | SME နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန | |
| လုပ်ဆောင်ချက် (၄.၃) | ပြည်ထောင်စုအစိုးရသည် တိုင်းအစိုးရနှင့်တွဲ၍ ရင်းနှီးမြှုပ်နှံမှုများအတွက် ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများခက်ခဲမှုကို လွယ်ကူစေရန် ဆောင်ရွက်သင့်သည်။ ထပ်မံ၍ နည်းပညာလွှဲပြောင်းပေးအပ်ခြင်းနှင့် အကျိုးရှိထိရောက်သောထုတ်လုပ်မှု အားပေး မြှင့်တင်ခြင်းများကို နိုင်ငံခြားကုမ္ပဏီများနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ မြှင့်တင်ဆောင်ရွက်နိုင်သည်။ ဖော်ပြခဲ့ပြီးသည့် ဆားလုပ်ငန်း ဥပမာတွင် ထုတ်ကုန်အရည်အသွေး မြှင့်တင်ခြင်းကို ဒေသတွင်းစီးပွား ရေးလုပ်ငန်းရှင်များနှင့် ကမ္ဘောဒီးယားဆားထုတ်လုပ်သည့် လုပ်ငန်းရှင်များ ချိတ်ဆက်၍ ရရှိနိုင်ခဲ့သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| ပြည်ထောင်စု အစိုးရ | တိုင်းအစိုးရ | (၃) နှစ် |
| လုပ်ဆောင်ချက် (၄.၄) | ပညာရေးဆိုင်ရာလေ့လာမှုခရီးစဉ်များ ဖန်တီးခြင်းဖြင့် ဒေသတွင်းစွန့်ဦးတီထွင် လုပ်ငန်း များ၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို တိုးမြှင့်ပေးရန်နှင့် နိုင်ငံခြားထုတ်လုပ်မှု လုပ်ငန်းစဉ်များအား စီးပွားရေးလုပ်ငန်းရှင်များဆီသို့ သတင်းဖြန့်ဝေရန် ရွေးချယ် ထား သည့် စီးပွားရေးကဏ္ဍများ ပိုကျယ်ပြန့်လာရန် အရေးကြီးပြီး လုပ်ငန်းတူအချင်းချင်း ဗဟု သုတဖလှယ်ရေးကို အားပေးမြှင့်တင်နိုင်သည်။ အဓိကကဏ္ဍများကို ငွေထုတ်ပေးမှု ခိုင်မာစေရန် စီးပွားရေးတစ်ခုချင်းစီအတွက် ဘက်ဂျက်ခွဲခြားထားရမည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| တိုင်းအစိုးရ | ဆက်စပ်အစိုးရ | (၃)လ |

| လုပ်ဆောင်ချက် (၄.၅) | မေးခွန်းပါဆောင်ရွက်ချက်များအတွက် သွင်းကုန်ပစ္စည်းနှင့် ကိရိယာများကို အခွန်လျော့ချ ပေးရန် ၎င်းမှာရင်းနှီးမြှုပ်နှံမှုမရှိ၊ အကျိုးမရှိ မထိရောက်သော ထုတ်လုပ်မှုလုပ်ငန်းများပါဝင်သည့် ငွေကြေးဆိုင်ရာ ကန့်သတ်မှုများကို လျော့ပါးစေပါမည်။ | |
|---|---|---|
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| ပြည်ထောင်စု အစိုးရ | တိုင်းအစိုးရ | (၁)နှစ် |

ဒေသတွင်းနှင့် နိုင်ငံတကာ SME များအကြား သတင်းအချက်အလက် စီးဆင်းမှုများ အတွေ့ အကြုံများ နည်းပညာလွှဲပြောင်းပေးအပ်ခြင်းများနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများသည် R&Dအား ပေးမြှင့်တင်ခြင်းနှင့် နည်းပညာအသစ်များအသုံးပြုမည့် အရေးကြီးသောရှုထောင့်တစ်ခုဖြစ်သည်။ ဤ ချိတ်ဆက်မှုများသည် အစိုးရ၊ အတွေ့အကြုံရှိအဖွဲ့အစည်းများနှင့် မေးခွန်းပါစီးပွားရေးလုပ်ငန်းများအကြား Online စနစ်ဖြင့် သတင်းအချက်အလက်ထောက်ပံ့ပေးသည့်အခါ ပိုအကျိုးရှိစေသည်။ ထိုအထောက် အပံ့များရှိ ယခင်ကြိုးပမ်းမှုများတွင် Myanmar SME Link Website လဲပါဝင်ပါသည်။ Myanmar SME Link သည်အဖွဲ့ဝင်ကြေးအနည်းငယ် ပေးရသော်လည်း Social Media Platform များပေါင်းစပ်ပါဝင်အသုံးပြုလျှက်ရှိသည်။ Innovative Platform သည် တဆက်တည်းပါဝင်ဆောင်ရွက်ရန် စိတ်ပါဝင်စားရန်၊ တိုင်ပင်ဆွေးနွေးရန် ဘတ်ဂျတ်နှင့် အဖွဲ့ အစည်း ရှိရပါမည်။

လက်ရှိ Platform များသည် ခေတ်ကုန်၍အသုံးမပြုသော အရာများဖြစ်နေသည်။ အထူးသဖြင့် စီးပွားရေးကဏ္ဍတစ်ခုစီတိုင်းတွင် အရေးကြီးသည့် Tool များစွာ Social Media နှင့် Online Platform များအသုံးပြုခြင်းဖြစ်သည်။ အိမ်တွင်းလုပ်ငန်းများအတွက် အင်တာနက်အနည်းငယ်သာရရှိမှုမှာ သတင်းအချက်အလက် ရရှိမှုကို လျော့နည်းစေပါသည်။ သို့သော် ဤပြဿနာများစွာသည် Non-Technological Route အရ တစ်နှစ်ထက်တစ်နှစ်လျော့နည်း လာသည်ဟု မျှော်လင့်ရသည်။ သို့သော် သတင်းအချက်အလက် လွှဲပြောင်းပေးခြင်းတွင်လည်း Non-Technological Route ပါဝင်ဆောင်ရွက်ရန်လိုအပ်သည်။ (ဥပမာ ဒေသတွင်း အာဏာပိုင်များနှင့် ကျေးရွာ ခန်းမများ)

## လုပ်ငန်းနယ်ပယ်။ (၅)

မြန်မာနိုင်ငံရှိ အခြားတိုင်းနှင့်ပြည်နယ်များမှ FDI နှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုသည် အဆင့်အနိမ့်တွင် ရှိနေသည်။ FDI နှင့် DDI သည် မည်သည့်လုပ်ဆောင်ချက်များက တိုးတက်စေနိုင်သလဲ။

| | | |
|---|---|---|
| ပြဿနာ | မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်သည် အားနည်းဆဲပင်ဖြစ်သည်။ ဧရာဝတီတိုင်း၌ FDI နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများသည် နည်းပါးလျှက်ရှိသည်။ ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်သည် မဖွံ့ဖြိုးသေးပါ။ | |
| ဖြေရှင်းနည်းများ (၅.၁) | တိုင်းအစိုးရသည် ဤဒေသ၌ PPP တစ်ခု၊ ရင်းနှီးမြှုပ်နှံမှုစောင့်ကြည့်စစ်ဆေးရေး ကော်မတီနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ အထောက်အပံ့ကို ဖန်တီးပေး သင့်သည်။ | |
| လုပ်ဆောင်ချက် | အထွေထွေအုပ်ချုပ်ရေးဌာနသည် ပြဿနာများဆွေးနွေးရန် ကော်မတီတစ်ခုဖွဲ့ စည်းဆောင်ရွက်သင့်ပြီး ရိုးရှင်းသော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် ဥပဒေပြု ဆောင်ရွက် သင့်သည်။ ဤကော်မတီသည် အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ ပေးသည့် အခွင့်အရေးများနှင့်ပတ်သက်၍ ပြဿနာများကိုလည်း ဖြေရှင်း ဆောင်ရွက် သင့်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| GAD | ဆက်စပ်ဌာနများနှင့် ပုဂ္ဂလိကဌာန | (၃)လ |
| လုပ်ဆောင်ချက် (၅.၂) | တိုင်းအစိုးရသည် ရင်းနှီးမြှုပ်နှံမှု မြင့်မြင့်မားမားကို ဆွဲဆောင်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်သင့်သည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် စီးပွားရေးနှင့်နည်းပညာဆိုင်ရာကျောင်းများအကောင်အထည်ဖော်ရန်ပြုလုပ်ပေးနိုင်သည်။ စီးပွားရေးဆိုင်ရာ ယုံကြည်ချက်ရှိမှုနှင့် နည်းပညာကျွမ်းကျင် စေမှုများကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများပိုမိုရရှိရန် တိုက်တွန်းအားပေးရမည်။ | |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းအစိုးရ | SME ဌာန | (၃)နှစ် |

| | |
|---|---|
| လုပ်ဆောင်ချက် (၅.၃) | ဤဒေသ၌ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်များ ကျယ်ပြန့်လာစေရန် ဒေသတွင်းပြည်တွင်းနှင့် နိုင်ငံခြားစီးပွားရေးကုန်သွယ်မှုပွဲများကို လက်ခံကျင်းပရမည်။ နိုင်ငံခြားစီးပွားရေးကုန်သွယ်မှုပွဲများကိုရောက်ရှိစေရန်အတွက် Digital Marketing Platform ကိုအသုံးပြုရန်အကြံပြုပါသည်။ ၎င်း Digital Marketing Platform ကိုစီးပွားရေးလုပ်ငန်းအုပ်စုအမျိုးမျိုးနှင့် ရွေးချယ်ထားသောစီးပွားရေးဖိုရမ်များ စာမျက်နှာများနှင့် Website များတွင် Trade Fair တက်ရောက်ရန် ဖိတ်ကြားခြင်းအတွက် အထူးအသုံးပြုသင့်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းအစိုးရနှင့် DICA | DICA ကော်မတီနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ | (၆)လ |

## လုပ်ငန်းနယ်ပယ်၊ (၆)

Off-grid electricity ရရှိမှုသည် အလွန်အရေးကြီးသည်။ အချို့လက်တွေ့စမ်းသပ်မှုများ အကောင်အထည်ဖော်လျှင်ပို၍လိုအပ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် Off-grid models များစမ်းသပ်ရန် ပြည်ပစီးပွားရေးလုပ်ငန်းများကို မည်ကဲ့သို့တိုက်တွန်းမည်နည်း။

| | |
|---|---|
| ပြဿနာ | လျှပ်စစ်မီးပြတ်တောက်မှုသည် အလွန်အရေးကြီးသည့် အချက်တစ်ခုဖြစ်သည်။ ဆိုလိုသည်မှာ ဤဒေသရှိထုတ်လုပ်ရေးစက်ရုံများသည် ထိထိရောက်ရောက် မလည်ပတ်နိုင်ပါ။ ၎င်းတို့သည် လက်ရှိတွင် ကြိမ်နှုန်းနည်းသည့် လျှပ်စစ်များကြောင့် မီတာခများများနှင့် ကုန်ကျစရိတ်များစွာဖြင့် ဆုံးရှုံးမှုများကြုံနေရသည်။ ထပ်မံ၍ မီးအား အတက်အကျကြောင့် ပစ္စည်းများပျက်စီးဆုံးရှုံးမှုများလည်းဖြစ်နေသည်။ |
| ဖြေရှင်းနည်း(များ) | ဖြေရှင်းနည်းများတွင် မီးအားပိုငြိမ်စေရန်အတွက် ဤလုပ်ငန်းများ၏တောင်းဆိုချက်များကို အစိုးရမှ အားပေးဆောင်ရွက်သင့်သည်။ စွမ်းအင်စနစ်အသစ်ဖွဲ့စည်းမှုများ အစားထိုးစွမ်းအင်အသုံးပြုမှုများတည်ဆောက်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုကို တိုက်ရိုက်ဆောင်ရွက်သင့်သည်။ |
| လုပ်ဆောင်ချက် (၆.၁) | စပါးခွံလောင်စာအသုံးပြုသည့် ဇီဝဓါတ်အားပေးစက်ရုံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန် ဧရာဝတီတိုင်းသည် ဆန်။ စပါးစက်ရုံများစွာရှိသည့်အတွက် ဒေသကောင်းကျိုးရရှိစေရန် စွမ်းအင်အပြည့်အဝပေးရမည်။ ၎င်းမှ ဒေသတွင်းလေထုညစ်ညမ်းမှု စနစ်ကိုလည်း လျှော့ချပေးနိုင်သည်။ နောက်ဆုံးအနေဖြင့် ဇီဝလောင်စာများမှရရှိလာသည့် ပြာများကို လယ်ယာမြေဓါတ်မြေသြဇာအဖြစ် အသုံးပြုနိုင်ပြီး စွမ်းအင် ထုတ်လုပ်မှုလုပ်ငန်းစဉ်များမှ ရရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလျှော့ချပေးနိုင်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | တိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဖွဲ့စည်းထားသော ကော်မတီတစ်ခု၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များ၊နည်းပညာအစုအဖွဲ့များ/ ကုမ္ပဏီများ | (၂၄)လ |

| | | |
|---|---|---|
| လုပ်ဆောင်ချက် (၆.၂) | ဒေသတွင်းသဘာဝအစားထိုးစွမ်းအင်အသုံးပြုရန် နိုင်ငံတကာအထောက်အပံ့များနှင့် Stream Engine တစ်ခုတည်ဆောက်ရန်။ ဤစနစ်များကိုအသုံးပြု၍ ချောင်းသာ၊ ငွေဆောင်၊ မကြီး၊ ဧရုတ်ကောင်း၊ မော်တင်နှင့် နောက်ထပ် (၅) နေရာတို့တွင် လေတာဘိုင်များ ဆောင်ရွက်သင့်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| လျှပ်စစ်ဝန်ကြီးဌာန၊ စီမံကိန်းဝန်ကြီးဌာနနှင့် တိုင်းအစိုးရ | တိုင်းအစိုးရမှဦးဆောင်၍ ပြည်တွင်းနှင့်နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကော်မတီ အခြားကျွမ်းကျင်ပညာရှင်များ | (၃)နှစ် |
| လုပ်ဆောင်ချက် (၆.၃) | ဝေလံသောဒေသများတွင် Solar Panelsများ ကျယ်ပြန့်စွာအသုံးပြုမှုကိုထောက်ပံ့ပေးရန်၊ ၎င်းကိုအပြည့်အဝ ထိထိရောက်ရောက်အသုံးပြုရန်အတွက် ဘယ်လို တပ်ဆင်အသုံးပြုသင့်သလဲဆိုသည်နှင့် အစားထိုးစွမ်းအင်စနစ်သွယ်တန်းမှုများကို ဒေသတွင်းနေထိုင်သူများသိရှိစေရန် သင်တန်းများကိုလည်း ထောက်ပံ့ပေးရန် အတွက်လည်း လိုအပ်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| တိုင်းအစိုးရမှ ဦးဆောင်၍ ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ | စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံသူများ ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်၍ တိုင်းအစိုးရမှအတည်ပြုပေးရန် | (၆)လ |
| လုပ်ဆောင်ချက် (၆.၄) | စည်ပင်သာယာရေးကော်မတီသည် ခရိုင်(၆)ခုရှိစွန့်ပစ်ပစ္စည်းများကိုအသုံးပြု၍လျှပ်စစ်ထုတ်လုပ်သည့်စက်ရုံတစ်ခုတည်ဆောက်သင့်သည်။၎င်းမှာလျှပ်စစ်စနစ် တည်ငြိမ်မှုရရှိရုံသာမက ဒေသတွင်းအညစ်အကြေးထွက်ရှိမှုကိုလည်း လျော့ချ ပေးနိုင်သည်။ | |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| စည်ပင်သာယာရေးဌာန၊ တိုင်းအစိုးရ | စည်ပင်သာယာရေးကော်မတီ၊ နည်းပညာကော်မတီ၊ လျှပ်စစ်ဝန်ကြီးဌာန | (၂၄)လ |

ချောင်းများ၊ မြစ်များနှင့် ကမ်းရိုးတန်းများစွာရှိမှုကြောင့် ရေအားလျှပ်စစ်ပမာဏကို များစွာမှီခိုနေရ သည်။ ဤစနစ်သည် ဒေသ၏ရေအားလျှပ်စစ်အတွက် ကြီးမားသောအလားအလာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ ပူပြင်း၍နေသာသော ရာသီဥတုသည်လည်း များသောအားဖြင့် SME များအတွက် Solar ပမာဏရရှိမှု အလား အလာ ကောင်းများကို ပိုင်ဆိုင်ထားသည်။

အစားထိုးနည်းပညာ အထောက်အပံ့နှင့် ရင်းနှီးမြှုပ်နှံမှုများသည် တရုတ်နိုင်ငံနှင့်ယှဉ်လျှင် နိုင်ငံ၏ သာလွန်ကောင်းမွန်သော ပိုင်ဆိုင်မှုအရင်းအမြစ်များဖြစ်သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဧရာဝတီတိုင်း ဒေသကြီးတွင် လျှပ်စစ် (၃၀) MW ရှိသည့် လေတာဘိုင် Project တစ်ခုကိုပြုလုပ်ရန် China's Three Gorges Corporation နှင့် မကြာသေးမီက စာချုပ် ချုပ်ဆိုခဲ့သည်။ နောက်ထပ် (၄၇၈) MW တစ်ခုကို ဤဒေသရှိအခြား Project များဆောင်ရွက်ရန် ရည်မှန်းထားသည်။ နိုင်ငံတကာ ကျွမ်းကျင်မှုများ၊ စွမ်းရည်များနှင့် အတွေ့အကြုံ များ၏ကောင်းကျိုးသည် အစိုးရဌာနမိတ်ဖက်ဆောင်ရွက်မှုတွင် အသုံးဝင်မှုရှိသည်။ ၎င်းအချက်မှာ လက်ရှိခေတ် ကုန်စနစ်မှ ခုန်ကျော်နိုင်သည့် အခွင့်အရေးများကိုပေးပြီး တက်ကြွစွာ အားပေးဆောင်ရွက်သင့်သည်။

အဓိကအားဖြင့် အစားထိုးစွမ်းအင် Solar Power သည် SME များအသုံးပြုနိုင်သည့် အထူးသဖြင့် ကျေးလက်ဒေသရှိ စက်မှုဇုန်များတွင် အစားထိုးစွမ်းအင် တိုးမြှင့်အသုံးပြုသင့်သည်။ အလယ် အလတ်အဆင့် အစားထိုး စွမ်းအင်စီမံကိန်းများနှင့် စက်မှုဇုန်အထောက်အပံ့ပေးမှုများသည် ဖော်ပြထားသည့် ပြဿနာများကို လျော့ချပေးနိုင်သည်။

## လုပ်ငန်းနယ်ပယ်၊ (၇)

ရောဝတီတိုင်းသည် အခြားဒေသများကဲ့သို့ ခရီးသွားကဏ္ဍကြီးမှအကျိုးအမြတ်များမရှိပါ။ အဓိက ခရီးသွား နယ်ပယ်တိုးတက်စေရန် မည်သည့်အရာများကို ဆောင်ရွက်သင့်သလဲ Homestays ရန်ကုန်ခရီးစဉ်၊ ခရီးသွား Packages များစသည်ဖြင့် ပြည့်စုံသောခရီးသွားမဟာဗျူဟာတစ်ခုကို မည်ကဲ့သို့အကောင်အထည်ဖော်၍ ဖွံ့ဖြိုးတိုးတက်စေမလဲ။ ဤ မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်သောပြည်ပစီးပွားရေးလုပ်ငန်းရှင်များကိုမည်ကဲ့သို့ခေါ်ဆောင်မည်နည်း။

| | |
|---|---|
| ပြဿနာ | ဆက်စပ်ဌာနများသည် ခရီးသွားအခြေခံ အသိုက်အဝန်းတစ်ခုအပေါ် နားလည်မှုများ ကန့်သတ်ထားပြီး အစိုးရ (စည်ပင်သာယာရေးဌာန၊ ဟိုတယ်နှင့်ခရီးသွား ကဏ္ဍ)မှ ထုတ်ပြန် ထားသောမူဝါဒပေါင်းများကို အသုံးပြုနေကြသည်။ဤဒေသရှိ ကမ္ဘာလှည့် ခရီးသွားများကို တိုက်ရိုက်ဆွဲဆောင်နိုင်သည့် ဒေသထုတ်ကုန်များနှင့် လက်မှုအနုပညာပစ္စည်းများကို ရောင်းချရန် ပေါ်လွင်သည့်နေရာများသို့ ရွှေ့ပြောင်းသင့်သည်။ |
| ဖြေရှင်းနည်း(များ) | ဖြေရှင်းနည်းများတွင် ခရီးသွားများကိုကန့်သတ်ထားသည့်အချက်များကိုလွယ်ကူစေမည့် ဥပဒေကိုပြန်လည်ဖွဲ့စည်းမှုများပါဝင်သင့်ပြီး သတင်းအချက်အလက်ဗဟိုနှင့် ဒေသတွင်းခရီးသွားဝန်းကျင်တစ်ခုကို တည်ထောင်သင့်သည်။ |
| လုပ်ဆောင်ချက် (၇.၁) | ခရီးသွားအသင်းအဖွဲ့များနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု အသင်းအဖွဲ့များသည် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက်ချမှတ်ထားသည့်လက်ရှိ ဥပဒေများကိုစုံစမ်းမေးမြန်း၍ အကြံပေးပြုပြင်မှုများ ပြုလုပ်သင့်သည် ဤအစိုးရပုဂ္ဂလိကအကြီးအကဲအားလုံးသည် Homestay နေထိုင်မှုများကို ပြုလုပ်ပေးသင့်ပြီး ဤခရီးသွားများအတွက် လွတ်လပ်စွာ နေထိုင်နိုင်အောင် ဆောင်ရွက်ပေးသင့်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းအစိုးရ ဟိုတယ်နှင့် ခရီးသွားဝန်ကြီး ဌာန၊ လူဝင်မှု ကြီးကြပ်ရေးဌာန | ခရီးသွားအသင်းအဖွဲ့နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု အသင်းအဖွဲ့များ၊ NGOs, CBOs | (၃)နှစ် |

| | | |
|---|---|---|
| လုပ်ဆောင်ချက် (၇.၂) | ခရီးသွားကဏ္ဍသတင်းအချက်အလက်စင်တာများကို ဤဒေသရှိခရီးသွားများ တိုးမြင့်လာစေရန် တည်ဆောက်သင့်သည်။ သတင်းအချက်အလက်စင်တာကိုခရီးသွားနယ်ပယ်အခြေခံ၍ အသုံးပြုသင့်ပြီး ဒေသတွင်းပေါ်လွင်သည့် နေရာများနှင့် Home-stays များပါဝင်သောခေတ်ပေါ် Webpage တစ်ခုကိုလည်းတည်ဆောက်သင့်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| ဒေသတွင်းအစိုးရ စီးပွားရေးလုပ်ငန်းများနှင့် CSOs LNGOs များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း | LNGOs နှင့် CSOs | (၁)နှစ် |
| လုပ်ဆောင်ချက် (၇.၃) | ဒေသတွင်း ထုတ်ကုန်အားလုံးကို ပြသပေးနိုင်ရန်အတွက် လွယ်ကူထင်ရှားသော နေရာတစ်ခုတွင် ဈေးဝယ်စင်တာတစ်ခု ထားရှိသင့်သည်။ ၎င်းကို စိတ်ဝင်စားစရာများ တိုးတက်စေရန် Homestays နှင့် ခရီးသွားများနေထိုင်သည့် နေရာအနီးတွင် ထားရှိသင့်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| အစိုးရနှင့်ဒေသတွင်း SME များ | ဒေသတွင်း SME များ၊ CSOs NGOs | အနည်းဆုံး(၁)နှစ် |
| လုပ်ဆောင်ချက် (၇.၄) | ခရီးသွားကဏ္ဍရည်မှန်းချက်အသစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လမ်းပန်းဆက်သွယ်ရေးများ တိုးတက်လာစေရန် | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ပါလီမန်အဖွဲ့ဝင်များ | (၃)နှစ် |

လက်ရှိတွင် အစိုးရသည် ဧရာဝတီတိုင်းဒေသကြီးရှိ ငါးရန်ကျွန်းတွင် လှိုင်ကော်ကဲ့သို့ Community Based Tourism Project တစ်ခုကို ဆောင်ရွက်လျက်ရှိသည်။ အစိုးရသစ်တက်ခါစတွင် ခရီးသွားကဏ္ဍကို သတိပြုမိအောင် တိုက်တွန်းဆောင်ရွက်ခဲ့သည်။ သို့သော် ဒေသတွင်းအဆင့်တွင် တက်ရောက်မှုမရှိပါ။ ထို့ကြောင့် အစိုးရ၏မကြာသေးမီက ကြိုးပမ်းဆောင်ရွက်ခဲ့သော Community-Based Tourism Project အားပွင့်လင်းမြင်သာရှိစေသင့်ပြီး ထိရောက်မှုရှိသောလုပ်ငန်းစဉ်များအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် M&Eစနစ်ပါဝင်သင့်သည်။ ဒေသတွင်းရှိနယ်ပယ်အများကို လည်း ထိုသို့ဆောင်ရွက်စေသင့်သည်။

## လုပ်ငန်းနယ်ပယ်၊ (၈)

ဧရာဝတီတိုင်းဒေသကြီးတွင် စက်မှုဇုန်များစွာရှိသော်လည်း ရန်ကုန်မြို့နှင့်ယှဉ်လျှင် အားနည်းချက်များရှိသည်။ စက်မှုဇုန်တစ်ခု (သို့) နှစ်ခုကို ပိုမိုဆွဲဆောင်မှုရှိစေရန်မည်ကဲ့သို့ပြုလုပ်ရမည်နည်း။ ယေဘုယျအားဖြင့် SME များအတွက် မြေရရှိမှုသည် ခက်ခဲရှုပ်ထွေးဆဲပင်ဖြစ်သည်။ မြေအငှားမူဝါဒများနှင့် ဈေးနှုန်းများကို ပွင့်လင်းမြင်သာပြီးပြန်လည်သုံးသပ်ရန်လိုအပ်သည်။

| | |
|---|---|
| ပြဿနာ | ဧရာဝတီတိုင်းဒေသကြီးရှိစက်မှုဇုန်များသည် အကျိုးရှိမှုနှင့် ထိရောက်မှုမရှိပါ။ များသောအားဖြင့် လုပ်ငန်းလည်ပတ်မှုမရှိဘဲ ရင်းနှီးမြှုပ်နှံမှုများလည်းမရှိပါ။ ၎င်းမှာ ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် အခြေခံအဆောက်အဦးများအားနည်းမှုနှင့် ပွင့်လင်းမြင်သာမှု အနည်းငယ်ရှိမှုတို့ကြောင့်သာ ဖြစ်သည်။ ထပ်မံ၍ မြေဈေးများကြီးပြီး စီးပွားရေးလုပ်ငန်းအများစု အခွင့်အရေးရရှိနိုင်သော မြေဈေးများကြီးကြသည်။ မြေငှားမှုများသည်လည်း ဈေးကြီးပြီး အစပျိုးစီးပွားရေးလုပ်ငန်းများအတွက်အဆင်မပြေနိုင်ပါ။ |
| ဖြေရှင်းနည်း(များ) | ဆက်စပ်အစိုးရဌာနများသည် စီးပွားရေးလုပ်ငန်းရှင်များ၏ လက်ရှိကြုံတွေ့နေရသော ပြဿနာများအပေါ်တွင် အခြေခံ၍ ရိုးရှင်းလွယ်ကူသော မူဝါဒများချမှတ်သင့်သည်။ အစိုးရသည်လည်းစက်မှုဇုန်များဖွံ့ဖြိုးတိုးတက်စေရန်အတွက်ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ |

| | | |
|---|---|---|
| လုပ်ဆောင်ချက် (၈.၁) | ဆက်စပ်အစိုးရဌာနများသည် လုပ်ငန်းဆောင်ရွက်မှုမရှိသည့် စီးပွားရေးလုပ်ငန်းများ၏ မြေလွတ်များကို စောင့်ကြည့်စစ်ဆေးသင့်ပြီးလုပ်ငန်းလုပ်ဆောင်ရန်ပြုလုပ်ပေးသင့်သည်။ ထို့နောက် SME များအား မြေများကိုရှင်းလင်းပြသ၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်သင့်သည်။ လက်ရှိတွင် မြေပမာဏ (၂၅%)ကိုသာ စီးပွားရေးအမှန်တကယ်လုပ်ဆောင်နေကြပြီး (၇၅%)မှာ အသုံးမပြုသော မြေလွတ်မြေရိုင်းများ အဖြစ်ရှိနေဆဲပင်ဖြစ်သည်။ ဤလုပ်ဆောင်ချက်များကို ဆက်စပ်ဝန်ကြီးဌာနများမှလတ်တလော မဖော်ပြသည့်အချက်များကို အထက်အဆင့်တွင် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်သင့်သည်။ | |
| **စီမံခန့်ခွဲသူ** | **အကောင်အထည်ဖော်ဆောင်ရွက်သူ(များ)** | **လိုအပ်သည့်အချိန်** |
| တိုင်းအစိုးရ | အထွေထွေအုပ်ချုပ်ရေးဌာန၊ မြေစာရင်းဌာန၊ စက်မှုဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်မှုဇုန်ကော်မတီ | (၃)လ |
| လုပ်ဆောင်ချက် (၈.၂) | မြေလွတ်မြေရိုင်းများကိုသင့်တော်သော ဈေးနှုန်းများသတ်မှတ်၍ရောင်းချခြင်း၊ အရစ်ကျပေးချေမှုစနစ် (သို့) အရစ်ကျ ရင်းနှီးမြှုပ်နှံမှုစနစ်ကို တိုက်တွန်းအားပေးရန်၊ ၎င်းမှာ အသေးစားစီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန်နှင့် စက်မှုဇုန်များတည်ဆောက်ရန် တိုက်တွန်းအားပေးရန် အထူးအရေးကြီးသည့်အချက်ဖြစ်သည်။ | |
| **စီမံခန့်ခွဲသူ** | **အကောင်အထည်ဖော်ဆောင်ရွက်သူ(များ)** | **လိုအပ်သည့်အချိန်** |
| တိုင်းအစိုးရ | မြေစာရင်းဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်မှုဇုန်ကော်မတီ | (၂)နှစ်မှ (၃)နှစ် |
| လုပ်ဆောင်ချက် (၈.၃) | လယ်ယာမြေပေါ်တွင်စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ခြင်းကိုခွင့်ပြုပေးသည့် လိုင်စင် (လယ - ၃၀)ရရှိရန်အတွက် လိုအပ်ချက်များ လွယ်ကူချောမွေ့စေရန်၊ ကျေးရွာများရှိ လယ်ယာမြေရောင်းချခြင်းသည် လက်ရှိမြေအခွင့်အရေးများကြောင့် အခက်အခဲများ ကြုံတွေ့နေရသည်။ ဤအခွင့်အရေးများကို ဥယျာဉ်ခြံမြေပါမစ်အဖြစ် ပြောင်းလဲခြင်းသည် ထိုလုပ်ငန်းစဉ်များကို လွယ်ကူစေပြီး မြေပိုများတွင် စီးပွားရေးကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်စေနိုင်သည်။ ကျေးရွာများရှိ လယ်ယာမြေရောင်းချခြင်းသည် ထိုသို့ | |

| | |
|---|---|
| | ဆောင်ရွက်ရန် အခက်အခဲများရှိသည်။ ကန့်သတ်ချက်များအား ဖြေလျော့ခြင်း ဆိုလိုသည်မှာ ဥယျာဉ်ခြံမြေပါမစ်အဖြစ် ပြောင်းလဲခြင်းသည် ၎င်းလုပ်ဆောင်ချက် များကို ပိုမိုလွယ်ကူစေနိုင်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| ပြည်ထောင်စု<br>အစိုးရ၊<br>တိုင်းအစိုးရ | မြို့တော်စည်ပင်သာယာရေးကော်မတီ၊<br>အထွေထွေအုပ်ချုပ်ရေးဌာန၊ မြေစာရင်းဌာန | (၁)နှစ် |

## လုပ်ငန်းနယ်ပယ်။ (၉)

ငွေကြေးရရှိမှုနှင့် အထူးသဖြင့် ဘဏ်ချေးငွေများသည် ရှုပ်ထွေးမှုနှင့် စိတ်ကျေနပ်စရာမရှိမှုများ ရှိနေဆဲပင် ဖြစ်သည်။ ချေးငွေရွေးချယ်မှုများ/ထုတ်ကုန်များ(ပမာဏများ၊ အတိုးနှုန်းများ Terms and Conditions)များသည် လွယ်ကူချောမွေ့မှုမရှိပါ။ ရွေးချယ်စရာအလုံအလောက်မရှိပါ။ လျှောက်ထားမှုလုပ်ဆောင်ချက်များကို ရိုးရှင်းစေရန် မည်ကဲ့သို့ဆောင်ရွက်မည်နည်း။ SME များ ချေးငွေလျှောက်ထားရန်အတွက် မည်ကဲ့သို့ အထောက်အပံ့ပေးမည်နည်း။ချေးငွေကျယ်ပြန့်စွာရရှိရန် အခြားသောထင်မြင်ချက်များမှာ မည်သည့်အရာများဖြစ်သနည်း။ (ဥပမာ - crowd sourcing, impact investors, FDI, etc.)

| ပြဿနာ | ဘဏ်ချေးငွေများသည် ချေးယူသူ၏လိုအပ်ချက်များအား လျှောက်ထားရာတွင် အလွန်ရှုပ်ထွေး၍အဆင်မပြေမှုများရှိနေသည်။ ဘဏ်ချေးငွေရရှိစေသည့်လုပ်ဆောင်ချက်များ အထူးသဖြင့် ဤဆောင်ရွက်ချက်များအတွက် အတွေ့အကြုံမရှိမှုများသည် လျှောက်ထားမှုကိုအလွန်ရှုပ်ထွေးစေပြီး ရှင်းလင်းမှုမရှိပါ။ ချေးငွေရရှိမှုပမာဏများ အတိုးနှုန်းများနှင့် ပြန်ဆပ်ရမည့် အချိန်ကာလသည် SME လုပ်ငန်းအမျိုးမျိုးအတွက် အဆင်ပြေချောမွေ့မှုမရှိပါ။ |
|---|---|

| | | |
|---|---|---|
| ဖြေရှင်းနည်း(များ) | ဗဟိုဘဏ်သည် ငွေကြေးဆိုင်ရာမူဝါဒ၊ အတိုးနှုန်း ချေးငွေထားရှိမည့် အပေါင်ပစ္စည်း၊ ချေးငွေရယူလိုသည့်အဆင့်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများလျှောက်ထားရာတွင် ထားရှိသည့် အခြားသောကန့်သတ်ချက်များကို ပြောင်းလဲသင့်သည်။ ထပ်မံ၍ Public Centre တစ်ခုကို SME များချေးငွေရရှိမှု တိုးမြှင့်စေရန်အတွက် တည်ဆောက်ပေးသင့်သည်။ ၎င်းစင်တာကို SME ဌာနအောက်သို့ ထားရှိ၍ တာဝန်ဝတ္တရားများ၊ လိုအပ်သောစာရင်းဇယားများကို ဆောင်ရွက်သင့်သည်။ | |
| လုပ်ဆောင်ချက် (၉.၁) | SME ဌာနမှ ဦးဆောင်၍ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များအကြားကို ချိတ် ဆက်ပေးကာ မူဝါဒ အပြောင်းအလဲများပြင်ဆင်ဆောင်ရွက်သင့်သည်။ စီးပွားရေး လုပ်ငန်းရှင်များ၊ SME ဌာန၊ ဆက်စပ်ဌာနများနှင့် ဗဟိုဘဏ်တို့သည် ဆွေးနွေးပွဲ တစ်ခုကို လက်ခံကျင်းပရန် လိုအပ်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| အစိုးရ | SME ဌာနနှင့်ဘဏ်များ | (၁)လ |
| လုပ်ဆောင်ချက် (၉.၂) | SME ဌာနနှင့် ဆက်စပ်ကော်မတီများသည်လည်း SME အဖွဲ့ဝင်များအတွက် ဘဏ်ချေးငွေမူဝါဒဆိုင်ရာ အသိပညာဗဟုသုတများကို မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ၎င်းကို ဘဏ်ချေးငွေရရှိမှုများ တိုးမြှင့်လာသည့်အခါ SME ခေါင်းဆောင်များ၏ စွမ်းရည် တိုးမြှင့်စေရန် ရည်ရွယ်သင့်ပြီး ၎င်းဘဏ်ချေးငွေများသည်လုပ်ငန်းရှင် အနေအထား အလျောက်အကောင်းဆုံးဖြစ်ရမည်။ ၎င်းဆောင်ရွက်ချက်ကို PPP နှင့် တိုင်းဒေသကြီး SME ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဦးစီးဆောင်ရွက်သင့်သည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| တိုင်းအစိုးရ | ကော်မတီနှင့် SME ဌာန | (၁)လ |
| လုပ်ဆောင်ချက် (၉.၃) | SME များအား အခြားသော ငွေကြေးရရှိမှုများ ဆောင်ရွက်ပေးနိုင်ရန် နောက်ထပ် နည်းလမ်းများကို တိုးမြှင့်ဆောင်ရွက်သင့်သည်။ ၎င်းကို SME ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ SME ဌာနနှင့် SME အဖွဲ့ဝင်များကို ချေးငွေထုတ်ပေးလိုသည့် ပြည်တွင်း၊ ပြည်ပ အသေးစား ငွေကြေးစီးပွားရေးလုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်သင့်သည်။ | |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းအစိုးရ | ကော်မတီနှင့် SME ဌာန | (၁)လ |
| လုပ်ဆောင်ချက် (၉.၄) | SME ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် SME အဖွဲ့ဝင်များ ချေးငွေရရှိရန် Business Plan ရေးဆွဲရာ၌ လုပ်ငန်းရှင်များ၏ စွမ်းရည်တိုးတက်စေရန်အတွက် သင်တန်းများ ထောက်ပံ့ပေးသင့်သည်။ ၎င်းသင်တန်းများသည် အဆိုပါချေးငွေများအတွက် အပေါင်ပစ္စည်းမထားရှိနိုင်ပါက SME များ၏လျှောက်ထားမှုစွမ်းရည်များ အလွန်အရေးကြီးသည်။ | |
| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| ကော်မတီနှင့် SME ဌာန | SME ဌာန | (၁)နှစ် |

အထက်ဖော်ပြပါ SMEများအတွက် ငွေကြေးအရင်းအမြစ် တိုးတက်မှုသည် အစိုးရဌာနအဆို ပြုချက်များအရနိုင်ငံတကာအဖွဲ့အစည်းများ (ဥပမာ - JICA)မှထောက်ပံ့ပေးသော ထပ်တိုးချေးငွေများအတိုးနှုန်းများနှင့် သက်ဆိုင်ပါသည်။ ၂၀၁၈ ခုနှစ်တွင် SME များသို့ပေးထားသည့် ချေးငွေများမှ ငွေကြေးဆိုင်ရာ ကန့်သတ်ချက်များကို တိုက်ရိုက်ဖော်ပြချက်များနှင့် အရေးကြီးသောအဆင့်များကို အစိုးရမှပြုလုပ်ပေးရန် မှတ်သားထားရပါမည်။ လက်ရှိအခြေအနေနှင့် ကွဲပြားခြားနားစေရန် ချေးငွေ လုံလုံလောက်လောက်ထုတ်ပေးရန် လိုအပ်ပြီး ချေးငွေပေးမည့် ဘတ်ဂျက်ကိုလည်း ထပ်တိုးသင့်ပါသည်။ ထိုအချက်မှာ အစိုးရမှ SME များအတွက် ပွင့်လင်းမြင်သာ၍ လွယ်ကူသောလျှောက်ထားမှု လုပ်ငန်းစဉ်များ ပြုလုပ်ပေးရန် အရေးကြီးသည့် အချက်ဖြစ်သည်။ အစိုးရမှ ချေးငွေတိုက်ရိုက်ရရှိမှုသည် ဤလုပ်ငန်းစဉ်၏အခြားသောစွမ်းဆောင်ရည်မြှင့်တင်ရေးလေ့ကျင့်မှုများမှ လျော့ပါးစေသင့်ပါသည်။

အခြားနိုင်ငံများမှ ချေးငွေပုံစံများကို ဤဒေသအတွက်လျှောက်ထားပေးနိုင်ပါသည်။ ဥပမာ - IFC ၏ SME ငွေကြေးစီမံကိန်းသည် SME များငွေကြေးရရှိအောင် ဘယ်လိုအားပေးမြှင့်တင်ဆောင်ရွက်မလဲ ဆိုသည်ကို ပြုလုပ်ပေးရုံသာမက ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်များအတွက် ကြီးမားသောအရင်းအမြစ်များနှင့် SME များအတွက် အကျိုးဖြစ်ထွန်းစေသော Educating Bank များကိုလည်း လျော့ချပေးနိုင်သည်။

## လုပ်ငန်းနယ်ပယ်။ (၁၀)

စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်လုပ်မှုများအတွက် အကြံဉာဏ်အသစ်များ နည်းပညာများ နည်းလမ်းအသစ်များ၊ မျိုးစေ့များနှင့်ပတ်သက်၍ သတင်းအချက်အလက် အားနည်းလျက်ရှိသည်။ ဆက်စပ်သတင်းအချက်အလက်များ အားကောင်းစွာရရှိနိုင်ရန်အတွက် မည်သည့်အရာများကို ဆောင်ရွက်နိုင်သနည်း။ ဧရာဝတီတိုင်းအတွင်းရှိ အကြံဉာဏ်အသစ်များ နည်းပညာများ နည်းလမ်းအသစ်များကို မည်ကဲ့သို့ စမ်းသပ်နိုင်သနည်း။

| | |
|---|---|
| ပြဿနာ | လက်ရှိတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များအတွက် Hybrid Seed များ နည်းပညာအသစ်များ နည်းလမ်းအသစ်များနှင့် အကြံဉာဏ်အသစ်များ၏ သတင်းအချက်အလက်ရရှိမှုနည်းပါးကြသည်။ထို့ကြောင့်၎င်းဒေသရှိသုတေသနဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်ဆန်းသစ်မှုများကို ကန့်သတ်ထားသည်။ |
| ဖြေရှင်းနည်း(များ) | အစိုးရသည် ခေတ်သစ်နည်းပညာများကို အသုံးပြုသည့် နိုင်ငံခြားတိုင်းပြည်များနှင့် ကုန်သွယ်မှုကို ပြုလုပ်ဆောင်ရွက်သကဲ့သို့ မီဒီယာများကို အသုံးပြု၍ တီထွင် ဆန်းသစ်ပြီး ခေတ်ပေါ်နည်းပညာများကို ကြိုးပမ်းဆောင်ရွက်သင့်သည်။ |
| လုပ်ဆောင်ချက် (၁၀.၁) | အစိုးရသည် SME များ၏ထုတ်လုပ်မှုကိုတိုးမြှင့်စေသော ခေတ်ပေါ်နည်းပညာများအရ ဆက်စပ်သတင်းအချက်အလက်များ ကျယ်ပြန့်စေရန် ဆောင်ရွက်သင့်သည်။ ၎င်းသတင်းအချက် အလက်များကို စုစည်း၍ မီဒီယာများဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များဖြင့် အကြံပေးဆောင်ရွက်ခြင်းများ ကုမ္ပဏီများနှင့် မိတ်ဖက်စုစည်းဆောင်ရွက်ခြင်းများပါဝင်သော ဆွေးနွေးပွဲပုံစံ အမျိုးမျိုးဖြင့် မျှဝေပေးနိုင်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းအစိုးရ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနနှင့် ပြည်ထဲရေး ဝန်ကြီးဌာန | အစိုးရ | (၂)နှစ် |

| လုပ်ဆောင်ချက် (၁၀.၂) | အဖွဲ့အစည်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် ဆက်သွယ်ရေးဆိုင်ရာ အချိတ်အဆက်များသည် နိုင်ငံတကာဈေးကွက်ရောက်ရှိအောင် ဖန်တီးဆောင်ရွက်ရန် လိုအပ်သည်။ ၎င်းကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပြည်တွင်း ပြည်ပအသင်းအဖွဲ့များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်သည် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့် ကျွမ်းကျင်ပညာရှင်များကို ဆွေးနွေးရန် ဖိတ်ကြားသင့်သည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများနှင့် ခေတ်ပေါ်နည်းပညာအမျိုးမျိုးနှင့် ဆိုင်သောသတင်းအချက်အလက်များကို စုစည်းကာ ပြည်တွင်းပြည်ပ အချိတ်အဆက်များကိုပို၍အကျိုးရှိထိရောက်စေရန် ပါဝင်ဆောင်ရွက်ရမည်။ | |
|---|---|---|
| **စီမံခန့်ခွဲသူ** | **အကောင်အထည်ဖော်ဆောင်ရွက်သူ(များ)** | **လိုအပ်သည့်အချိန်** |
| အစိုးရနှင့် တိုင်းဒေသကြီး အသင်းအဖွဲ့များ | အစိုးရနှင့် တိုင်းဒေသကြီး အသင်းအဖွဲ့များ | (၂)နှစ် |

## လုပ်ငန်းနယ်ပယ်၊ (၁၁)

ရောဝတီတိုင်းဒေသကြီးရှိ SME များကို အထောက်အပံ့ပေးရန် ဥပဒေစနစ်နှင့် ဥပဒေဆိုင်ရာ အဖွဲ့အစည်းများသည် ရှင်းလင်းမှုမရှိဘဲအားနည်းနေကြသည်။ ခုံရုံးဖွဲ့သည့်စနစ်လိုအပ်သည်။စံချိန်စံညွှန်းနှင့် မူပိုင်ခွင့်မှတ်ပုံတင်မှုများအားနည်းသည်။ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရှာဖွေရန်ခက်ခဲသည်။

| ပြဿနာ | ဤဒေသရှိSME များလိုက်နာရန် လမ်းညွှန်ချက်များနှင့်မူဘောင်များရှင်းလင်းပြတ်သားမှုမရှိပါ။ ၎င်းအစုအဖွဲ့များ၏ အလားအလာများကို မြှင့်တင်ပေးနိုင်သော စီးပွားရေးလုပ်ငန်းများအတွက် လိုက်နာရမည့်ပြီးပြည့်စုံသော စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းရန် လိုအပ်သည်။ လက်ရှိတွင် ဤစီးပွားရေးလုပ်ငန်းများသည် ထိုလမ်းညွှန်မှု စနစ်ရှုပ်ထွေးမှုကြောင့် တိုင်းဒေသကြီးအဆင့်တွင် ၎င်းတို့ကုန်ပစ္စည်းအမှတ်တံဆိပ်များကို မှတ်ပုံတင်နိုင်ခြင်းမရှိပါ။ SMEများအတွက် ခုံရုံးကောင်စီများရှိသလို ဤအဟန့် အတားများ |
|---|---|

| | |
|---|---|
| | ကိုလည်း အားပေးမြှင့်တင်နေကြသည်။ SME ဗဟိုသည် ဤအပြောင်း အလဲများကို လျော့နည်းစေရန်နှင့် ထုတ်ဖော်ဆောင်ရွက်ခြင်းမရှိသည့်အပြင် အလားအလာ ကောင်းသော E-Govemment စနစ်များကိုထုတ်ပေးနိုင်ခြင်းမရှိပါ။ |
| လုပ်ဆောင်ချက် (၁၁.၁) | SME ဌာနသည် နည်းပညာနှင့် ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်စေရန် အထောက်အပံ့ပေးသည့် SME စင်တာများတည်ဆောက်သင့်ပြီး ဤဒေသရှိ SME များအတွက် လိုအပ်သော သတင်းအချက်အလက်များကို အကြွင်းမဲ့ မျှဝေပေးသင့်သည်။ SME ဗဟိုသည် မှတ်ပုံတင်မှုလုပ်ငန်းစဉ်များ လွယ်ကူစေရန်နှင့် နိုင်ငံတဝှမ်း ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် E-Govemment စနစ်များကိုလည်းချမှတ်ပေးသင့်သည်။ ထို့အပြင် SME ဗဟိုသည် အဆိုပါလုပ်ငန်းစဉ်များ၌ SME များကို တိုက်ရိုက်အကူအညီပေးရမည်။ သုတေသန ဗဟိုကိုလည်း အထက်ဖော်ပြပါပြဿနာများ(ဥပမာ - ဈေးငွေစနစ်အကြောင်းရှင်းပြခြင်း (သို့) သုတေသန အဆင့်မြှင့်တင်ခြင်း)ကို လျော့နည်းစေရန် တည်ထောင်သင့်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းအစိုးရမှ ဦးဆောင်၍ SME ဌာနမှ စီမံခန့်ခွဲသင့်သည်။ | SME ဌာန | (၁)နှစ် |

| | |
|---|---|
| လုပ်ဆောင်ချက် (၁၁.၂) | တိုင်းအစိုးရသည် တိုင်းနှင့်ပြည်နယ်အားလုံးရှိမူပိုင်ခွင့်ကူးယူခြင်းမှ ကာကွယ်ရန်တံဆိပ်အမှတ်အသား/ကုန်အမှတ်တံဆိပ်များအတွက်မှတ်ပုံတင်ရုံးတစ်ခု တည်ဆောက်သင့်သည်။ ၎င်းရုံးကိုပုသိမ်မြို့တွင်ပြုလုပ်သင့်သည်။ ၎င်းမှာ SMEများအတွက် ဤမှတ်ပုံတင်ခြင်းကို မည်ကဲ့သို့အသုံးပြုရမလဲဆိုသည်ကို အပြည့်အဝထောက်ပံ့ပေးနိုင်သော မှတ်ပုံတင်ရုံး(သို့) SME စင်တာများဖြစ်ရန်အရေးကြီးသည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းအစိုးရ | တိုင်းအစိုးရ | (၁)နှစ် |

| | |
|---|---|
| လုပ်ဆောင်ချက် (၁၁.၃) | မြို့တိုင်းတွင်လေ့လာနိုင်ရန် ဆက်စပ်သတင်းအချက်အလက်များ ဖြန့်ဖြူးပေးနိုင်မှု တိုးမြှင့်စေရန်၊ ထပ်မံ၍ထိရောက်သောလုပ်ဆောင်ချက်များအရေးကြီး၍မြန်ဆန်သော ဥပဒေရေးရာ လုပ်ဆောင်ချက်များ(ဆိုလိုသည်မှာ တရားရုံးစနစ်)ကို ဆွေးနွေးပေးရန် အတွက် ခုံရုံးများကိုလည်း တည်ဆောက်သင့်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| တိုင်းအစိုးရ | တိုင်းအစိုးရ | (၂)နှစ် |

| | |
|---|---|
| ဖြေရှင်းနည်း(များ) | အစိုးရသည် အထက်ဖော်ပြပါပြဿနာများကို ဖြေရှင်းပေးနိုင်သော ခိုင်မာသည့် SME စင်တာတစ်ခုကို ဦးစီးတည်ဆောက်ရန်လိုအပ်သည်။ ထပ်မံ၍အစိုးရသည် တိုင်းနှင့် ပြည်နယ် အားလုံးတွင် အဆင်မပြေဖြစ်နေသော ကုန်အမှတ်တံဆိပ်ကူးယူမှုများ အတွက် မှတ်ပုံတင်ရုံးတစ်ခုကို တည်ထောင်ရန် လိုအပ်သည်။ |

## လုပ်ငန်းနယ်ပယ်။ (၁၂)

သစ်တောနှင့် ချုံပင်များပြုန်းတီးလာမှုသည် နှစ်စဉ်ရေလွှမ်းမိုးမှုနှင့် အခြားပြဿနာများကို ပိုမိုဆိုးရွား စေသည့်အတွက်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် SME လုပ်ငန်းရှင်များကို ဆိုးကျိုးများ သက်ရောက်စေသည်။ ဤအချက်ကို မည်ကဲ့သို့ ဆန့်ကျင်ကြိုးပမ်းမည်နည်း။

| | |
|---|---|
| ပြဿနာ | သစ်တောနှင့် ချုံပင်များသည် အတိုင်းအတာတစ်ခုအထိ ပြုန်းတီးလာကြသည်။ ၎င်းမှာ ရေလွှမ်းမိုးခြင်းကို ကာကွယ်မှုလျော့ချသည့်အတွက်ကြောင့် ကောက်ပဲသီးနှံများကို ဆားငံဓါတ် ဝင်ရောက်မှု ပြဿနာများကဲ့သို့ ဒေသတွင်း SME ထုတ်လုပ်မှုများ အထူး သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆိုးကျိုးများဝင်ရောက်နိုင်သည်။ |
| လုပ်ဆောင်ချက် (၁၂.၁) | သစ်တောဌာနသည် လက်ရှိသစ်တောနှင့် တောတောင်ဒေသများရှိ စိုက်ပျိုးမှုပြုလုပ် သကဲ့သို့ ကမ်းရိုးတန်းဒေသများ၌ သစ်တောကြီးများကို ပြန်လည်စိုက်ပျိုးထုတ်လုပ်ရန် |

| | | |
|---|---|---|
| | ဒေသတွင်း အစိုးရနှင့်အတူလုပ်ကိုင်ဆောင်ရွက်သင့်သည်။နောက်ထပ်လုပ်ဆောင်ရမည့်အချက်မှာ နောင်တွင်အရေအတွက်လျော့ပါးမှုနှုန်းထားများကို လျော့ချပေးရန်လည်း လိုအပ်သည်။ | |
| **စီမံခန့်ခွဲသူ** | **အကောင်အထည်ဖော်ဆောင်ရွက်သူ(များ)** | **လိုအပ်သည့်အချိန်** |
| တိုင်းအစိုးရ | သစ်တောဌာန၊ မြေအသုံးချရေးဌာန၊ အထွေထွေစီမံခန့်ခွဲရေးဌာန | (၁၀)နှစ် |
| **လုပ်ဆောင်ချက် (၁၂.၂)** | အရေးတကြီးလုပ်ဆောင်ရမည့်အချက်မှာ တရားမဝင်သစ်လုံးများနှင့် ကျောက်မီးသွေး ထုတ်လုပ်မှုများ ရပ်တန့်ပေးသင့်သည်။ ၎င်းဆောင်ရွက်ချက်ကို တိုင်းဒေသကြီးအဆင့် ဌာနမှ ဦးဆောင်သင့်သည်။ သို့သော် တိုင်းအစိုးရမှ အားလုံးမြင်သာအောင် ခိုင်ခိုင်မာမာ ဆောင်ရွက်ရန် လိုအပ်သည်။ ၎င်းကို ယဉ်ကျေးမှုအရလည်း အသိုက်အဝန်းဖြင့် တိုက်တွန်း ဆောင်ရွက်သင့်သည်။ | |
| **စီမံခန့်ခွဲသူ** | **အကောင်အထည်ဖော်ဆောင်ရွက်သူ(များ)** | **လိုအပ်သည့်အချိန်** |
| တိုင်းအစိုးရ | သစ်တောဌာန၊ ရဲအင်အား အသိုက်အဝန်း | (၅)နှစ် |
| **ဖြေရှင်းနည်း(များ)** | အစိုးရနှင့်ပြည်သူများမှ ဒေသဆိုးကျိုးမသက်ရောက်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုမလျော့ပါးစေရန် ဆောင်ရွက်ဖို့လိုအပ်သည်။ အမည်အားဖြင့် ဦးစားပေးနယ်ပယ်များရှိ သစ်တောပြုန်းတီးခြင်းများပါဝင်သည်။ | |

## လုပ်ငန်းနယ်ပယ်၊ (၁၃)

သန့်ရှင်းသောရေနှင့် ဆားငန်ရေထုတ်လုပ်ရာတွင် ခေတ်ပေါ်စက်ပစ္စည်းများနှင့် ပိုကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်သည်။ ပတ်ဝန်းကျင်ကာကွယ်မှုပြုလုပ်ရာတွင် တိုးတက်လာသော ထုတ်လုပ်မှုများကို မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်မည်နည်း။

| | |
|---|---|
| ပြဿနာ | သန့်ရှင်းသောရေနှင့် ဆားငန်ရေအရင်းအမြစ်ထုတ်လုပ်မှုတွင် ခေတ်ပေါ်စက်ပစ္စည်းများ မရှိဘဲ ကျွမ်းကျင်လုပ်သားအနည်းငယ်ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသည် ဥပဒေ အရ ကန့်သတ်ချက်များအရ ဤစက်ပစ္စည်းများကိုအသုံးမပြုနိုင်ဘဲ သွင်းကုန် ရရှိမှုများ အလွန်ခက်ခဲနေကြသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ပြီးချိန်တွင် ဈေးကွက်မတည်ငြိမ်မှုများ မြင့်မားလျှက်ရှိသည်။ |
| ဖြေရှင်းနည်း(များ) | မွေးမြူရေးနှင့်ရေထွက်ပစ္စည်းဌာန၊ သစ်တောဌာနနှင့်သတ္တုတွင်းဌာနတို့သည် သင်တန်း အထောက်အပံ့ပေးမှုများကို အတူတကွ ဆောင်ရွက်သင့်ပြီး ဤဒေသ၌ ပတ်ဝန်းကျင် ဆိုင်ရာ နိမ့်ကျမှုများကို တွန်းလှန်နိုင်သည့် ဥပဒေများကို ချမှတ်ဆောင်ရွက်သင့်သည်။ |
| လုပ်ဆောင်ချက် (၁၃.၁) | လက်ရှိ ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရသည့် ငါးမျိုးစိတ်အမျိုးမျိုးကို ထိန်းသိမ်း ကာကွယ် ရန် ငါးလုပ်ငန်းများအကြား ရေအရင်းအမြစ်မျှဝေပေးခြင်းကို ကန့်သတ်ထား သင့်သည်။ ငါးဖမ်းသမားများအကြား ငါးဖမ်းခြင်းဆိုင်ရာ အခွင့်အရေးများ၏မကြာခဏ လွှဲပြောင်းခြင်းသည် ငါးလက်ကျန်ပမာဏ လျော့နည်းမှုမဖြစ်စေသော သက်ဆိုင်ရာ တာဝန်များကို လျော့ပါးစေသည်။ ထပ်မံ၍ အရင်းအမြစ်နည်းပါးမှုများ လျော့နည်း စေရန်နှင့်အခြားသောတရားဝင်ငါးဖမ်းခြင်းများအတွက်ဤဒေသ၌တရားဝင်ငါးဖမ်းခြင်း ကိုပြင်းပြင်းထန်ထန်ဆန့်ကျင်ဆောင်ရွက်သင့်သည်။နောက်ဆုံးအနေဖြင့် ငါးလက် ကျန်များသည် ဖွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ပြန်လည်မွေးထုတ်မှုကြောင့် ဧပြီ၊ မေ၊ ဖွန် အစား ၎င်းလများ၌ ဆောင်ရွက်သင့်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ငါးလက်ကျန် အသစ်များကိုလည်း ယခုထက်ပို၍ အသက်ရှင်နေထိုင်ခွင့်ပေးနိုင်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| ငါးလုပ်ငန်းဌာနမှ ဦးစီး၍ တိုင်းဒေသကြီး အာဏာပိုင်များ မှပါဝင်ဆောင် ရွက်သင့်သည်။ | ငါးလုပ်ငန်းဌာနနှင့် ငါးဖမ်းအဖွဲ့ချုပ် | (၁)နှစ် |

| လုပ်ဆောင်ချက် (၁၃.၂) | သဘာဝဘေးအန္တရာယ်များကြောင့် ငါးလက်ကျန်ပိုနည်းစေနိုင်သောကမ်းရိုးတန်းဒေသ ရှိ သစ်တောပြုန်းတီးမှုများလျော့ချရန် ခိုင်မာသော တရားဝင်လုပ်ဆောင်ချက်များကို ဆောင်ရွက်ဖို့လိုသည်။ ဤဒေသရှိ သစ်တောပြုန်းတီးမှုကို တရားမဝင် ဆောင်ရွက် လျက် ရှိသည်။ တူညီသည့် ဒေသများတွင်ဆောင်ရွက်နေသည့် သစ်တောစိုက်ပျိုးမှုကို လည်း အားထုတ်ကြိုးပမ်းဆောင်ရွက်သင့်သည်။ |
|---|---|

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| ကျေးရွာ အုပ်ချုပ်ရေးမှူးမှ ဦးဆောင် သင့်သည် | အစိုးရနှင့် ဒေသတွင်းလုပ်ငန်းရှင်များ | (၃)နှစ် |

| လုပ်ဆောင်ချက် (၁၃.၃) | ငါးလုပ်ငန်းဌာနနှင့် အဖွဲ့ချုပ်သည် ဤဒေသရှိ SME များ၏အဟန့်အတားများကိုလျော့ ချပေးရန်အတွက် နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆားထုတ်လုပ်မှု နည်းပညာ ဆိုင်ရာ သင်တန်းများကို ထောက်ပံ့ပေးသင့်သည်ငါးမွေးမြူရေး သင်တန်းစင်တာ တစ်ခု ပြုလုပ်ရန် အကြံပြုပါသည်။ |
|---|---|

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| အစိုးရ | ငါးလုပ်ငန်းဌာနနှင့်အဖွဲ့ချုပ် | (၁)နှစ် |

## လုပ်ငန်းနယ်ပယ်။ (၁၄)

ရောဝတီတိုင်းဒေသကြီးထုတ်ကုန်များအတွက် အဓိကနိုင်ငံခြားဈေးကွက်မှာ တရုတ်နိုင်ငံဖြစ်သည်။ အိန္ဒိယ၊ ထိုင်းနှင့် အခြားနိုင်ငံများသို့ SME ချိတ်ဆက်မှုများအားကောင်းစေရန် မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။

| | | |
|---|---|---|
| ပြဿနာ | ဧရာဝတီတိုင်းဒေသကြီးရှိ လက်ရှိအဓိကဈေးကွက်မှာ တရုတ်ပြည်ဖြစ်သည်။ ပြည်ပဈေးကွက် ခြိမ်းခြောက်မှုများကြောင့် ဤဒေသရှိအပင်နှံအတားများကို တိုးပွားစေသည်။ ထို့ကြောင့် အခြားသောနိုင်ငံများသို့လည်း ထုတ်ကုန်များခြေဆန့်နိုင်သည့်ပြဿနာ များနှင့်တန်ဖိုးမြှင့် ပြည်ပဈေးကွက်များသည် အရေးကြီးသည့် ပြဿနာများဖြစ်သည်။ | |
| ဖြေရှင်းနည်း(များ) | တိုင်းအစိုးရသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပြည်ပထွက်ကုန်ဆိုင်ရာ နည်းပညာအသစ်များလက်ရှိထုတ်ကုန်ဆိုင်ရာသင်တန်းများ အထူးသဖြင့် နိုင်ငံခြား စံချိန်စံညွှန်းနှင့်အညီ ထုတ်ပိုးမှုများ အထောက်အပံ့ပေး ဆောင်ရွက်သင့်သည်။ | |
| လုပ်ဆောင်ချက် (၁၄.၁) | နိုင်ငံတကာဈေးကွက်များတွင် Organicထုတ်ကုန်အသုံးပြုမှုများတိုးမြှင့်လာသည်။ ထို့ကြောင့် လက်ရှိစိုက်ပျိုးရေးစနစ်တွင် ခေတ်ပေါ်နည်းပညာများနှင့် Organic စိုက်ပျိုးထုတ်လုပ်ခြင်းများကို ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသည်။ | |
| **စီမံခန့်ခွဲသူ** | **အကောင်အထည်ဖော်ဆောင်ရွက်သူ(များ)** | **လိုအပ်သည့်အချိန်** |
| တိုင်းအစိုးရ | စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန | (၃)နှစ် |
| လုပ်ဆောင်ချက် (၁၄.၂) | ဆက်စပ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနများသည် နိုင်ငံခြားဈေးကွက်တွင် စိတ်ဝင်စားမှုရရှိစေရန် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုပ်ပိုးမှုပုံစံများဖြင့် ထုတ်လုပ်သည့် စက်ရုံတစ်ခု တည်ဆောက်သင့်သည်။ လက်ရှိရေထွက်ကုန်များအတွက်လည်း ထိုသို့ဆောင်ရွက်သင့်သည် ပြည်တွင်း၊ပြည်ပ ကျွမ်းကျင်ပညာရှင်များသည် ၎င်းကဲ့သို့ဆောင်ရွက်နိုင်သည့် နည်းပညာများကို အကြံပေးဆွေးနွေးသင့်သည်။ ရေထွက်ကုန်များအတွက်စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်လာခြင်းသည် ၎င်းနည်းလမ်းနှင့် နိုင်ငံခြား ဈေးကွက်များသို့ ပိုမိုရောက်ရှိအောင် ဆောင်ရွက်ရမည်။ | |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| --- | --- | --- |
| တိုင်းအစိုးရ | စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၊ စက်မှုဝန်ကြီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (၅)နှစ် |

| လုပ်ဆောင်ချက် (၁၄.၃) | |
| --- | --- |
| | နိုင်ငံတကာဈေးကွက်အတွက် ထုတ်ကုန်ဆိုင်ရာ စံချိန်စံညွှန်းအရည်အသွေး တိုးတက်လာခြင်းသည် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှု၊ ဈေးကွက်ရရှိနိုင်မှုအတွက်အရေးကြီးသည့် အချက်ဖြစ်သည်။ သို့မှသာ အစိုးရမှ စံချိန်စံညွှန်းနှင့် အရည်အသွေးတိုးတက်မှု လက်မှတ်ထုတ်ပေးနိုင်လျှင် စိတ်ဝင်စားမှု ပိုမိုရရှိနိုင်သည်။ ထို့ကြောင့် အစိုးရသည် အရည်အသွေးထိန်းချုပ်စမ်းသပ်နိုင်သည့် အဖွဲ့တစ်ခုကို တည်ထောင်ပေးသင့်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်သည့် ထုတ်ကုန်လက်မှတ်ထုတ်ပေးသည့် စနစ်တစ်ခုကို စံချိန်စံညွှန်းတိုးတက်မှုဆိုင်ရာများကိုလည်း မီဒီယာများမှတဆင့် ကြေငြာ၍ စုစည်းဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးဖြစ် ထွန်းစေသည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
| --- | --- | --- |
| တိုင်းအစိုးရ | တိုင်းအစိုးရ | (၆)လ |

## လုပ်ငန်းနယ်ပယ်။ (၁၅)

အစိုးရဌာနမှချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများ လိုင်စင်များ စစ်ဆေးချက်များသည် SME များအတွက် မလိုလားအပ်သော ပြဿနာများကို ဖြစ်ပေါ်စေသည်။ အစိုးရဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူရှင်းလင်းပြီး အကျိုးရှိထိရောက်အောင် မည်ကဲ့သို့ဆောင်ရွက်မည်နည်း။ One-Stop Shop စနစ်တစ်ခုရရှိအောင် မည်သည့်ကဏ္ဍကိုပြန်လည်ဖွဲ့စည်းနိုင်သနည်း။

| | |
|---|---|
| ပြဿနာ | SME များအတွက် အထူးသဖြင့် SME များ၏အတွေ့အကြုံနှင့် ငွေကြေးရပ်တည်ချက်များတွင် ဗျူရိုကရေစီနည်းစဉ်နှင့် စစ်ဆေးချက်များကိုကန့်သတ်ထားကြသည်။ ထိုသို့ကန့်သတ်ထားခြင်းဖြင့် SME များ၏ အချိန်နှင့် အရင်းအမြစ်များကို ကုန်ခမ်းစေသည့် ငွေကြေးဆိုင်ရာ ပြဿနာများနှင့် အဟန့်အတားများကို ပိုဖြစ်စေပါသည်။ |
| ဖြေရှင်းနည်း(များ) | အစိုးရသည် အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် ထိုပြဿနာကို ရှေ့ဆက်ဖြေရှင်းပေးရန် အကြံပြုပါသည်။ |
| လုပ်ဆောင်ချက် (၁၅.၁) | ပြဿနာများထဲမှ တစ်ချက်မှာ SME များအတွက် လိုအပ်သော စာရွက်စာတမ်းနှင့် ပေးချေ ရမည့် အဆင့်များအပေါ် သတင်းအချက်အလက်များ မရှိမှုဖြစ်သည်။ ထိုကဲ့သို့ ပွင့်လင်းမြင်သာမှုများမရှိခြင်းသည် အထူးသဖြင့် လုပ်ဆောင်ချက်များကိုပြီးဆုံးအောင် ဆောင်ရွက်နိုင်သည့် အတွေ့အကြုံမရှိသော SME များအတွက်အခက်အခဲများကို တိုးပွားစေပါသည်။ ထို့ကြောင့် တိကျသည့် (ဓါတ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်ကဒ် မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ တည်နေရာ စသည်ဖြင့်)ဖော်ပြပါစာရွက်၊စာတမ်းများနှင့် အရေးကြီးသည့်ငွေပေးချေရမည့်ပမာဏတို့ကို (Digital and Non-Digital အရပ်) ရှင်းလင်းပြတ်သားစွာ သိဖို့လိုအပ်သည်။ နောက်ပိုင်းတွင် ပြန်လည်ရည်ညွှန်းနိုင်ရန် ထိုလုပ်ငန်းစဉ်အတွက် ကောက်ခံများကို လုံးဝပွင့်လင်းမြင်သာမှု ရှိစေရမည်ဖြစ်ပြီး လုပ်ငန်း၏ မတည်ရင်းနှီးငွေနှင့် အရွယ်အစားပမာဏကိုလည်း ရည်ညွှန်းချက် အဖြစ်ထားရပါမည်။ အဆိုပါနည်းလမ်းသည် SME တစ်ခုချင်းအတွက် လုပ်ငန်းအရွယ်အစားအလိုက် ပေးချေမှု တစ်ခုရှိရပါမည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| မြို့တော်စည်ပင်သာယာရေးကော်မတီ/ မြူနီစီပယ်ကဲ့သို့ ဆက်စပ်ဌာနများမှပါဝင်ဆောင်ရွက်သင့်သည်။ | မြို့တော်စည်ပင်သာယာရေးကော်မတီ/ မြူနီစီပယ်ကဲ့သို့ ဆက်စပ်ဌာနများ | (၁)လ |

| | |
|---|---|
| လုပ်ဆောင်ချက် (၁၅.၂) | လုပ်ငန်းစုများ၏ မှတ်ပုံတင်လိုင်စင်များ အသိအမှတ်ပြုလက်မှတ်များသည် စနစ်တကျ ရှိစေရန်လိုအပ်ပြီး အစိုးရနှင့် SME နှစ်ခုစလုံးအတွက် လွယ်ကူစွာရရှိသင့်ပါသည်။ ထိုမှတ်တမ်းများကို လုံခြုံ၊ စိတ်ချရမှုကို တိုးမြှင့်စေနိုင်ရန်အတွက် Electronic နည်းအရ သိမ်းဆည်းထားရန် လိုအပ်သည်။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| ဆက်စပ်ဌာနများ | ဆက်စပ်ဌာနများ | (၆)လ |

| | |
|---|---|
| လုပ်ဆောင်ချက် (၁၅.၃) | နောက်ဆုံးအချက်အနေဖြင့် ဆောင်ရွက်ရမည့်နေ့ရက် အတိအကျနှင့် ထပ်တိုးသည့် နေ့ရက်များကို လိုင်စင်မူရင်းတွင် ပါဝင်ထည့်သွင်းရန်လိုအပ်သည်။ ၎င်းမှာ သေးငယ်သော အပြောင်းအလဲတစ်ခုဖြစ်သည့်အတွက် လိုင်စင်များကိုအချိန်မီမှတ်ပုံတင်နိုင်ပြီး SME များ၏စီးပွားရေးအခြေအနေကို ရုတ်တရက်အနှောင့်အယှက်ဖြစ်မသွားစေနိုင်ပါ။ |

| စီမံခန့်ခွဲသူ | အကောင်အထည်ဖော်ဆောင်ရွက်သူ(များ) | လိုအပ်သည့်အချိန် |
|---|---|---|
| ဆက်စပ်ဌာနများ | ဆက်စပ်ဌာနများ | မလိုပါ |

# နိဂုံးချုပ် မှတ်ချက်များ။ ၆

ဤ SME မဟာဗျူဟာတွင် လုပ်ငန်းနယ်ပယ် (၁၅)ရပ်ပါဝင်ပြီး ဤအဆင့်တွင် လုပ်ငန်းနယ်ပယ် အသီးသီးအား အသေးစိတ်နိုင်သမျှ ဖော်ပြပေးထားပါသည်။ လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်မှုများ အစိုးရမှ တိုက်ရိုက်ချမှတ်ထားသော ဥပဒေ၊ အခွန်နှင့်စည်းမျဉ်း၊ စည်းကမ်းများ ထုတ်ကုန်ယှဉ်ပြိုင်မှု တိုးမြှင့်စေရန်အတွက် နည်းပညာဆိုင်ရာ Platform များကိုအားစိုက်ဆောင်ရွက်သင့်သည်။ ဤလုပ်ငန်းနယ်ပယ်များကို အစိုးရဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများမှ ချက်ခြင်းကျယ်ပြန့်အောင် ဆောင်ရွက်ရန် အရေး ကြီးပါသည်။

ဤလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ကာလအတွင်း အခြား စီမံကိန်းများကဲ့သို့ အောင်မြင်မှုမရနိုင်သည်မှာ သဘာဝဖြစ်သည့်အတွက်ကြောင့် “လုပ်ရင်းဖြင့်သင်ယူ” နည်းစဉ် အတိုင်း ဆောင်ရွက်သင့်သည်။ သို့သော် လုပ်ငန်းနယ်ပယ်များ၏အောင်မြင်မှုကိုသင့်လျော်သည့် အချိန်နှင့် အရင်းအမြစ် များ ရင်းနှီးမြှုပ်နှံခြင်းဖြင့် သုတေသနနှင့်အကောင်အထည်ဖော်ခြင်းအဆင့် တိုးချဲ့နိုင်သည်။

လုပ်ငန်းနယ်ပယ်များ၏ အချို့သောဆက်သွားမည့် သဘောထားအထောက်အပံ့များ လမှနစ် အထိ အချိန်များကြာမြင့်နိုင်သည်။ ထိုနယ်ပယ်များကို အစားထိုးဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များမှာ အရေးကြီး လှသည်။ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းများကို အပြည့်အဝနားလည်စေရန် စစ်ဆေးခြင်း၊ ရရှိလာသည့် အသိပညာဗဟုသုတများကို အသုံးချနိုင်ခြင်းနှင့် ပိုမိုကျယ်ပြန့်လာသည့် အသိုက်အဝန်းတစ်ခုလုံးနှင့် အသိပညာ ဗဟုသုတများဖလှယ်ခြင်းများကို ဆောင်ရွက်ရန်အရေးကြီးသည်။ အစိုးရအဆင့် အပြောင်းအလဲများသည် တိုင်း/ ပြည်နယ်အားလုံးနှင့် ဒေသတွင်းအဆင့်ဌာနများတွင် တဆက်တည်းအသုံးချနိုင်ရန် လိုအပ်သည်။ အထောက် အပံ့ပေးမှုကို အားစိုက်ဆောင်ရွက်ခြင်းသည် ထုတ်လုပ်မှုနှင့် SME ဌာနအကျိုးရှိ ထိရောက်စေရန်တိုက်ရိုက် မြှင့်တင်ဆောင်ရွက်ရမည်။

ဤနယ်ပယ်များတွင် အောင်မြင်သောလုပ်ငန်းများကို ဒေသတွင်းနှင့်ဒေသအပြင်တို့၌ ထင်ရှား ပေါ်လွင် စေရန် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းစနစ်ကိုအကောင်အထည်ဖော်ဆောင် ရွက်ရန်လည်း အကြံပြုပါသည်။ ပွင့်လင်းမြင်သာမှု မြင့်မြင့်မားမားနှင့် ထိုစီမံကိန်းများ၏ အောင်မြင်သော အကောင်အထည် ဖော်ဆောင်ရွက်ခြင်းသည် Project Model များ၏ စွမ်းရည်ကိုတိုးမြှင့်စေရုံသာမက အဖွဲ့အစည်းများနှင့် နိုင်ငံ၏အလားတူနယ်ပယ်များရှိ ရင်းနှီးမြှုပ်နှံမှုများကိုလည်း အားပေးမြှင့်တင်စေပါ သည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရသည် ထိုလုပ်ငန်းနယ်ပယ်များကို ချက်ခြင်းဆောင်ရွက်၍ ထိုနယ်ပယ် (၁၅)ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်အဖွဲ့များကို ငှားရမ်း ရန် အရေးကြီးသည်။

ဤဒေသရှိ SME များ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မှတ်ပုံတင် အားသာမှုများကြောင့် ရင်းနှီးမြှုပ်နှံမှုများကို ချက်ခြင်းဆောင်ရွက်ရန် အကြံပြုပါသည်။ ဆောင်ရွက်မှု အဖွဲ့တည်ထောင်ပြီးပါက အသေးစိတ်ပြုလုပ်ထားသည့် TORs ကိုအကြံပေး အရာရှိတစ်ဦး (သို့) တစ်ဦးထက်ပို၍ သုံးစွဲအချောသတ်ရန် လိုအပ်သည်။

ဤလုပ်ငန်းနယ်ပယ်အားလုံးကို ခြုံငုံကြည့်ရှုပေးမည့် အဖွဲ့တစ်ခုအား အကြံဉာဏ်များ စီမံခန့်ခွဲပေးရန်နှင့် ရလဒ်ကောင်းများ ပေါ်ပေါက်လာစေရန် အခကြေးငွေ အနည်းငယ်ပေး၍ ငှားရမ်းသင့်သည်။ ထပ်မံ၍ အကျိုးရှိသည့် အခွင့်အရေးများကို ဤနယ်ပယ်တွင် ပါဝင်စေရန်အတွက် တိုက်ရိုက်ဆောင်ရွက်ရန် အရေးကြီးသည်။ ဆိုလိုသည်မှာ လက်ရှိ SME လုပ်ငန်း ရှင်များ ရင်ဆိုင်ကြုံတွေ့နေရသော ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် စိန်ခေါ်မှုများ အလားအလာ ကောင်းများနှင့် စံပြအနေဖြင့်ပါဝင်သော ကဏ္ဍများသည် အလွန်အရေးကြီး၍ အရေးတယူ အမြန်ဆောင်ရွက်သင့်သည်။